# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး
# (၂၆) ရက်မြောက်နေ့မှတ်တမ်း

## ၁၃၇၅ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၂ ရက်
## (၂၀၁၄ ခုနှစ်၊ မတ်လ ၁၇ ရက်)
## (တနင်္လာနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး (၂၆)ရက်မြောက်နေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ခေတ္တညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး (၂၆)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး (၂၆)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော် အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ၄၂၂ ဦးရှိတဲ့အနက် ၃၃၆ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၇၉.၆၂ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး (၂၆)ရက်မြောက်နေ့ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဦးမြင့်စိုး(အဖွဲ့ဝင်၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီဝင် ဦးမြင့်စိုးဖြစ်ပါတယ်ခင်ဗျာ။ ကျွန်တော့်အနေနဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး (၂၆)ရက်မြောက်နေ့မှာ ခွင့်တိုင်ကြားသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များရဲ့ကိုယ်စား ခွင့်ပန်ကြားမှာဖြစ်ပါတယ်။ ယနေ့ခွင့်တိုင်ကြားသူပေါင်း ၆၉ ဦးရှိပါတယ်။

(၁) လဲချားမဲဆန္ဒနယ်မှ ဦးစိုင်းမောင်တင် ခွင့် ၂ ရက်၊

(၂) သီပေါမဲဆန္ဒနယ်မှ ဦးရဲထွန်း(ခ)ဦးမင်းထွန်း ခွင့် ၂ ရက်၊

(၃) မိုင်းပန်မဲဆန္ဒနယ်မှ ဦးထွန်းမြင့်ဦး ခွင့် ၂ ရက်၊

(၄) မိုးနဲမဲဆန္ဒနယ်မှ ဦးစိုင်းကျော်မြင့် ခွင့် ၂ ရက်၊

(၅) ကျေးသီးမဲဆန္ဒနယ်မှ ဦးစိုင်းအွမ်ဆိုင်မိုင်း ခွင့် ၂ ရက်၊

(၆) ရှာငံမဲဆန္ဒနယ်မှ ဦးအောင်သိန်း ခွင့် ၂ ရက်၊

(၇) မိုးမိတ်မဲဆန္ဒနယ်မှ ဦးကျော်မြင့်(ခ)ဦးဖိုးတုတ် ခွင့် ၂ ရက်၊

(၈) နမ္မတူမဲဆန္ဒနယ်မှ ဦးစိုင်းအောင်လှ ခွင့် ၂ ရက်၊

(၉) တန့်ယန်းမဲဆန္ဒနယ်မှ ဦးထွန်းဆာ(ခ)ဦးစိုင်းထွန်းဝင်း ခွင့် ၂ ရက်၊

(၁၀) ပခုက္ကူမဲဆန္ဒနယ်မှ ဦးပိုက်ကို ခွင့် ၁ ရက်၊

(၁၁) ဥတ္တရသီရိမဲဆန္ဒနယ်မှ ဦးမင်းသူ ခွင့် ၁ ရက်၊

(၁၂) မဘိမ်းမဲဆန္ဒနယ်မှ ဦးမြင့်လှိုင် ခွင့် ၅ ရက်၊

(၁၃) လပွတ္တာမဲဆန္ဒနယ်မှ ဦးဇော်ထွန်း ခွင့် ၁ ရက်၊

(၁၄) ညောင်တုန်းမဲဆန္ဒနယ်မှ ဦးအောင်မြသန်း ခွင့် ၁ ရက်၊

(၁၅) မိုင်းတုံမဲဆန္ဒနယ်မှ ဦးစိုင်းအောင်ကြည် ခွင့် ၁ ရက်၊

(၁၆) မုံရွာမဲဆန္ဒနယ်မှ ဦးခင်မောင်ဦး ခွင့် ၅ ရက်၊

(၁၇) ဘုရားသီးတောင်မဲဆန္ဒနယ်မှ ဦးရွှေမောင်(ခ)ဦးအဒူရော်ဇက် ခွင့် ၅ ရက်၊

(၁၈) လဟယ်မဲဆန္ဒနယ်မှ ဦးဆားမူ ခွင့် ၃ ရက်၊

(၁၉) ပင်လည်ဘူးမဲဆန္ဒနယ်မှ ဦးဝင်းသိန်း ခွင့် ၃ ရက်၊

(၂၀) နန်းယွန်းမဲဆန္ဒနယ်မှ ဦးဇင်းဝမ် ခွင့် ၃ ရက်၊

(၂၁) ဝန်းသိုမဲဆန္ဒနယ်မှ ဦးစိုးပိုင် ခွင့် ၃ ရက်၊

(၂၂) ဟုမ္မလင်းမဲဆန္ဒနယ်မှ ဦးအေး ခွင့် ၂ ရက်၊

(၂၃) ရွှေပြည်သာမဲဆန္ဒနယ်မှ ဦးတင်မောင်ဦး ခွင့် ၂ ရက်၊

(၂၄) သထုံမဲဆန္ဒနယ်မှ ဦးစောဘသိန်း ခွင့် ၁ ရက်၊

(၂၅) သံတွဲမဲဆန္ဒနယ်မှ ဦးရဲထွန်း ခွင့် ၂ ရက်၊

(၂၆) တောင်ကုတ်မဲဆန္ဒနယ်မှ ဒေါက်တာစံလှိုင် ခွင့် ၅ ရက်၊

(၂၇) ဂွမဲဆန္ဒနယ်မှ ဦးကြည်သာ ခွင့် ၄ ရက်၊

(၂၈) ဒလမဲဆန္ဒနယ်မှ ဦးလှထွန်းဦး ခွင့် ၂ ရက်၊

(၂၉) ချောက်မဲဆန္ဒနယ်မှ ဦးသိန်းလွင် ခွင့် ၁ ရက်၊

(၃၀) ကမာရွတ်မဲဆန္ဒနယ်မှ ဒေါက်တာစိုးရင် ခွင့် ၁ ရက်၊

(၃၁) တောင်ဥက္ကလာပမဲဆန္ဒနယ်မှ ဦးအောင်သိန်းလင်း ခွင့် ၁ ရက်၊

(၃၂) ကသာမဲဆန္ဒနယ်မှ ဦးမိုးဇော်ဟိန်း ခွင့် ၁ ရက်၊

(၃၃) ဖျာပုံမဲဆန္ဒနယ်မှ ဦးစိုးနိုင် ခွင့် ၁ ရက်၊
(၃၄) ဒဂုံမြို့သစ်(မြောက်ပိုင်း)မဲဆန္ဒနယ်မှ ဒေါ်တင်နွယ်ဦး ခွင့် ၁ ရက်၊
(၃၅) ဆိပ်ကမ်းမဲဆန္ဒနယ်မှ ဒေါက်တာနေလင်း ခွင့် ၁ ရက်၊
(၃၆) နမ့်စန်မဲဆန္ဒနယ်မှ ဦးဌေးလွင် ခွင့် ၂ ရက်၊
(၃၇) မံစီမဲဆန္ဒနယ်မှ ဦးထွန်းထွန်း ခွင့် ၁ ရက်၊
(၃၈) ကျောက်တံတားမဲဆန္ဒနယ်မှ ဦးစိုးဝင်း ခွင့် ၂ ရက်၊
(၃၉) မင်္ဂလာဒုံမဲဆန္ဒနယ်မှ ဦးတင်မောင်ဝင်း ခွင့် ၁ ရက်၊
(၄၀) မြောင်မဲဆန္ဒနယ်မှ ဦးအုန်းငွေ ခွင့် ၂ ရက်၊
(၄၁) ချမ်းမြသာစည်မဲဆန္ဒနယ်မှ ဦးတင်မောင် ခွင့် ၂ ရက်၊
(၄၂) မြစ်သားမဲဆန္ဒနယ်မှ ဦးကြည်မောင် ခွင့် ၂ ရက်၊
(၄၃) အောင်မြေသာစံမဲဆန္ဒနယ်မှ ဦးကိုကြီး ခွင့် ၂ ရက်၊
(၄၄) ကြို့ပင်ကောက်မဲဆန္ဒနယ်မှ ဦးသန့်ဇင် ခွင့် ၃ ရက်၊
(၄၅) နတ်တလင်းမဲဆန္ဒနယ်မှ ဦးရဲထွဋ်ဦး ခွင့် ၃ ရက်၊
(၄၆) မိုးညိုမဲဆန္ဒနယ်မှ ဦးနန်းဦး ခွင့် ၃ ရက်၊
(၄၇) ဗိုလ်မှူးချုပ်တင့်ဆန်း တပ်မတော်သားကိုယ်စားလှယ် ခွင့် ၁ ရက်၊
(၄၈) ဒုတိယဗိုလ်မှူးကြီးငွေစိုး တပ်မတော်သားကိုယ်စားလှယ် ခွင့် ၁ ရက်၊
(၄၉) တောင်တွင်းကြီးမဲဆန္ဒနယ်မှ ဦးသန်းဝင်း ခွင့် ၂ ရက်၊
(၅၀) စလင်းမဲဆန္ဒနယ်မှ ဦးခင်မောင်လွင် ခွင့် ၂ ရက်၊
(၅၁) ငဖဲမဲဆန္ဒနယ်မှ ဦးမြင့်ဌေး ခွင့် ၂ ရက်၊
(၅၂) အောင်လံမဲဆန္ဒနယ်မှ ဦးကိုကိုထွန်း ခွင့် ၅ ရက်၊
(၅၃) ဆင်ပေါင်ဝဲမဲဆန္ဒနယ်မှ ဦးအေးနိုင် ခွင့် ၁ ရက်၊
(၅၄) မင်းလှမဲဆန္ဒနယ်မှ ဦးဝင်းတင် ခွင့် ၂ ရက်၊
(၅၅) ကြည့်မြင်တိုင်မဲဆန္ဒနယ်မှ ဦးသန်းစိန် ခွင့် ၅ ရက်၊
(၅၆) တောင်ကြီးမဲဆန္ဒနယ်မှ ဦးစံလင်း ခွင့် ၂ ရက်၊
(၅၇) မိုင်းရှူးမဲဆန္ဒနယ်မှ ဦးကျော်တင်ရွှေ ခွင့် ၁ ရက်၊
(၅၈) တာချီလိတ်မဲဆန္ဒနယ်မှ ဦးစိုင်းသိန်းအောင် ခွင့် ၁ ရက်၊
(၅၉) ကျောက်မဲမဲဆန္ဒနယ်မှ ဦးဆောင်ဆီ(ခ)ဦးနယ်လ်ဆင် ခွင့် ၁ ရက်၊

မူကြမ်း

(၆၀)　ရေတာရှည်မဲဆန္ဒနယ်မှ ဦးမျိုးသန့် ခွင့် ၁ ရက်၊

(၆၁)　ကွမ်းလုံမဲဆန္ဒနယ်မှ ဦးဟော်ရှောက်ချမ်း အစည်းအဝေးပြီးဆုံးသည်အထိ၊

(၆၂)　ထန်တလန်မဲဆန္ဒနယ်မှ ဒေါ်ဇာတလဲမ်း ခွင့် ၂ ရက်၊

(၆၃)　သာစည်မဲဆန္ဒနယ်မှ ဦးသန်းစိုး ခွင့် ၅ ရက်၊

(၆၄)　ပေါင်းတည်မဲဆန္ဒနယ်မှ ဦးအောင်မြင့်သိန်း ခွင့် ၂ ရက်၊

(၆၅)　ဒိုက်ဦးမဲဆန္ဒနယ်မှ ဦးမင်းဆွေ ခွင့် ၁ ရက်၊

(၆၆)　မလှိုင်မဲဆန္ဒနယ်မှ ဦးအေးမောက် ခွင့် ၁ ရက်၊

(၆၇)　လယ်ဝေးမဲဆန္ဒနယ်မှ ဦးဌေးဝင်း ခွင့် ၁ ရက်၊

(၆၈)　မင်းလှမဲဆန္ဒနယ်မှ ဦးမောင်တိုး ခွင့် ၅ ရက်၊

(၆၉)　ရေဖြူမဲဆန္ဒနယ်မှ ဦးဝင်းဦး ခွင့် ၁ ရက်တို့ဖြစ်ပါတယ်ခင်ဗျား။ အားလုံး ယနေ့ ခွင့်တိုင်ကြားသူပေါင်း ၆၉ ဦး၊ ယခင်တိုင်ကြားသူ ၁၇ ဦး ပေါင်း ၈၆ ဦးရှိပါတယ်ခင်ဗျား။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ခွင့်ပြုပေးပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။**　။ အားလုံးကိုခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ။**　။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၂ ဦး၊ ယခင်ကခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၁၇ ဦး၊ ယနေ့ခွင့်ပြုထားသူ ၆၉ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၈၆ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေတင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

**[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကအတည်ပြုပါသည်။]**

**ဥက္ကဋ္ဌ။**　။ လွှတ်တော်က အတည်ပြုတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ပြည်သူ့လွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်တွင် အဖွဲ့ဝင်ထည့်သွင်းဖွဲ့စည်းကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်ကဖွဲ့စည်းထားသော ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်တွင် ဦးသောင်းမြင့်၊ ညွှန်ကြားရေးမှူး(ငြိမ်း) စာရင်းစစ်ချုပ်ရုံးအား ကော်မရှင်အဖွဲ့ဝင်အဖြစ် ထပ်မံထည့်သွင်းဖွဲ့စည်းလိုက်ကြောင်း လွှတ်တော်သို့ အသိပေးတင်ပြပါတယ်။

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များကမေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ်စတင်ဆောင်ရွက်ပါမယ်။

**မြို့သစ်မြို့နယ်ခွဲ၊ အောင်ဇေယျကျေးရွာမှ တောင်သူများလုပ်ကိုင်နေသော လယ်ဧက ၁၆၀ ခန့်အား သစ်တောကြိုးဝိုင်းပြင်ပ ကာကွယ်တောမှ ကင်းလွတ်ခွင့် ပြုပေးနိုင်ခြင်းရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးစွာ၊ တမူးမဲဆန္ဒနယ်မှ ဦးခင်မောင်ရွှေ မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးခင်မောင်ရွှေ(တမူးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း လေးစားစွာဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ရွှေ ဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဒေသခံပြည်သူများရဲ့ကိုယ်စား တင်ပြလာတဲ့အတွက် အောက်ဖော်ပြပါမေးခွန်းများအား လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်။ မေးခွန်း (၁) ခမ်းပါတ်မြို့နယ်ခွဲ၊ နန်ကတိတ်ကျေးရွာအနီးရှိ သစ်ထုတ်လုပ်ကွင်းအတွက် သစ်ချကွင်းမြေကွက်အား ကျေးရွာလူငယ်/လူရွယ်ဘောလုံးကွင်းများအဖြစ် သုံးစွဲခွင့်ပေးနိုင်ခြင်းရှိ/မရှိ။ မေးခွန်းနံပါတ်(၂) မြို့သစ်မြို့နယ်ခွဲ၊ အောင်ဇေယျကျေးရွာမှ တောင်သူ ၁၄ ဦးခန့် လုပ်ကိုင်နေသော လယ်မြေဧက ၁၆၀ ဧကခန့်အား ကြိုးဝိုင်းပြင်ပတောအတွင်းမှ ကင်းလွတ်ခွင့်ပေး

နိုင်ခြင်းရှိ/မရှိ။ မေးခွန်းနံပါတ်(၃) မြို့သစ်မြို့နယ်ခွဲ၊ မင်းသာစံပြကျေးရွာအနီးရှိ သစ်တောဦးစီးဌာနမှ ကျွန်းစိုက်ခင်းဟု သတ်မှတ်ထားသည့် စိုက်ကွင်းအား အိမ်ရာမြေကွက်များ ဖော်ထုတ်နိုင်ရန်အတွက် ကျေးရွာပိုင်မြေများအဖြစ် ပြန်လည်ပေးအပ်နိုင်ခြင်းရှိ/မရှိ။ မေးခွန်းနံပါတ်(၄) သစ်တောဥပဒေနှင့် နည်းဥပဒေပါပြဋ္ဌာန်းချက်များအတိုင်း ဥပဒေနှင့်အညီ ကိုယ်ပိုင်သုံးသပ် အသုံးပြုခွင့်ရရှိနိုင်ရေး မည်သို့စီမံ ဆောင်ရွက်ပေးမည်ကို သိရှိလိုပါသဖြင့် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြန်လည်ဖြေကြား ပေးနိုင်ပါရန် လေးစားစွာမေးမြန်းအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးမှ ပြန်လည်ရှင်းလင်းဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဝင်းထွန်း(ပြည်ထောင်စုဝန်ကြီး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီး ဌာန )**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်တော်ကြီးများအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပြီးတော့ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းဖြင့် ပြည့်စုံကြပါစေရန် ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ရွှေရဲ့ ခမ်းပါတ်မြို့နယ်ခွဲ၊ နန်ကတိတ်ကျေးရွာအနီးမှာရှိသော သစ်ထုတ်လုပ်ရေးအတွက် သစ်ချကွင်း မြေကွက်အား ကျေးရွာလူငယ်/လူရွယ် ဘောလုံးကွင်းအဖြစ် အသုံးပြုခွင့်ပေးနိုင်ခြင်းရှိ/မရှိ၊ မြို့သစ် မြို့နယ်ခွဲ၊ အောင်ဇေယျကျေးရွာမှ တောင်သူ ၁၄ ဦးခန့် လုပ်ကိုင်နေသော လယ်ဧက ၁၆၀ ခန့်အား ကြိုးဝိုင်းပြင်ပ ကာကွယ်တောအတွင်းမှ ကင်းလွတ်ခွင့်ပြုပေးနိုင်ခြင်းရှိ/မရှိ၊ မြို့သစ်မြို့နယ်ခွဲ၊ မင်းသာ စံပြကျေးရွာအနီးရှိ သစ်တောဦးစီးဌာနမှ ကျွန်းစိုက်ခင်းဟု သတ်မှတ်ထားသော စိုက်ကွင်းအား အိမ်ယာကွက်များ ဖော်ထုတ်ရန်အတွက် ကျေးရွာပိုင်မြေအဖြစ် ပြန်လည်ပေးအပ်နိုင်ခြင်းရှိ/မရှိ၊ သစ်တောဥပဒေနှင့် နည်းဥပဒေပါ ပြဋ္ဌာန်းချက်များအတိုင်း ဥပဒေနှင့်အညီ ကိုယ်ပိုင်သုံးသစ်အသုံး ပြုခွင့်ရရှိရေး မည်သို့မည်ပုံဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်းအပေါ်မှာ ဖြေကြားသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ခမ်းပါတ်မြို့နယ်ခွဲ၊ နန်ကတိတ်ကျေးရွာအနီးတွင် သစ်ထုတ်လုပ်ရေး အတွက် တောတွင်းမှထုတ်လုပ်သည့် သစ်လုံးများအား စုစည်းချထားရန်၊ သစ်ချကွင်းကို ၂၀၀၂-၂၀၀၃ ခုနှစ်မှစတင်၍ ၂၀၀၅-၂၀၀၆ ခုနှစ်ထိအသုံးပြုခဲ့ပြီး ၂၀၀၆ ခုနှစ်မှစ၍ ယနေ့အထိအသုံးပြုခြင်း မရှိတော့ပါ။ သစ်ချကွင်း၏အကျယ်မှာ ၁.၃၇ ဧကခန့်ရှိပြီး ဌာနအမည်ပေါက် တရားဝင်ပိုင်ဆိုင်မှု

မရှိပါ။ အဆိုပါသစ်ကွင်းအတွင်းတွင် ဌာနပိုင်သစ်လုံး၊ အဆောက်အဦတစ်စုံတရာမရှိခြင်းနှင့် ဌာန လုပ်ငန်းများအတွက် ဆက်လက်အသုံးပြုရန် အခြေအနေမရှိခြင်းတို့ကြောင့် ကျေးရွာပိုင်လူငယ် ဘောလုံးကွင်းအဖြစ် အသုံးပြုခွင့်ရရှိရေးအတွက် သတ်မှတ်ထားသည့် လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဆိုပါက မိမိတို့ဝန်ကြီးဌာနအနေနဲ့ ကန့်ကွက်ရန်မရှိကြောင်း တင်ပြအပ်ပါ တယ်။

မြို့သစ်မြို့နယ်ခွဲ၊ အောင်ဇေယျကျေးရွာမှ တောင်သူ ၁၄ ဦးခန့် လုပ်ကိုင်နေသော လယ်ဧက ၁၆၀ ခန့်အား ကွင်းဆင်းစစ်ဆေးခဲ့ရာ အောင်ဇေယျကျေးရွာမှ တောင်သူ ၂၀ ဦး၏ လယ်မြေ ၁၄၁.၇၉ ဧကမှာ မင်းသမီးတောင်တန်းကြိုးပြင်ကာကွယ်တောအတွင်းတွင် ကျရောက်လျက်ရှိကြောင်း စိစစ် တွေ့ရှိရပါသဖြင့် တမူးမြို့နယ် အိမ်ခြေ ၅၀ အောက် ပြည်ထဲရေးအမည်မပေါက်ကျေးရွာများ၏ ကြိုးဝိုင်း/ ကြိုးပြင်ကာကွယ်တောအတွင်း ဝင်ရောက်၍လုပ်ကိုင်လျက်ရှိကြသော လယ်မြေများစာရင်း တွင် ထပ်မံဖြည့်စွက်တင်ပြပြီးတော့ ကြိုးပြင်ကာကွယ်တောမြေအဖြစ်မှ ပယ်ဖျက်ပေးနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြန်လည်တင်ပြအပ်ပါတယ်။

မြို့သစ်မြို့နယ်ခွဲ၊ မင်းသားစံပြကျေးရွာအနီး ကျေးရွာပိုင်စိုက်ခင်းများအဖြစ် ၂၀၀၇ ခုနှစ်တွင် ခြံစည်းရိုးကြက်ဆူစိုက်ခင်း နှစ်ဧက၊ ၂၀၁၁-၂၀၁၂ ခုနှစ်တွင် တစ်အုပ်တစ်မ ကျွန်းစိုက်ခင်း တစ်ဧက နှင့် ၂၀၁၂-၂၀၁၃ ခုနှစ်တွင် တစ်အုပ်တစ်မ ပျဉ်းကတိုးစိုက်ခင်း တစ်ဧက စုစုပေါင်း လေးဧကကို ကျေးရွာအစီအစဉ်ဖြင့် စိုက်ပျိုးထားရှိပါတယ်။ ဖော်ပြပါ ကြက်ဆူစိုက်ခင်းနှင့် ကျေးရွာပိုင်ကျွန်း/ပျဉ်း ကတိုးစိုက်ခင်းများမှာ ဒေသခံပြည်သူများအတွက် ဇီဝလောင်စာဆီနှင့် ကိုယ်ပိုင်သုံးသစ်ရရှိရေး အတွက်ရည်ရွယ်၍ နိုင်ငံတော်၏မူဝါဒများနှင့်အညီ ဌာနမှစည်းရုံးကြိုးပမ်းဆောင်ရွက်ထားသည့် လုပ်ငန်းတစ်ရပ်ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ အဆိုပါ စိုက်ခင်းမြေနေရာသည် ကြိုးဝိုင်း/ကြိုးပြင် ကာကွယ်တောမြေအတွင်း ကျရောက်မှုမရှိပါကြောင်းနှင့် သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့အစည်းများမှ စနစ်တကျစိစစ်၍ အပင်များကျဲပါးသောဧရိယာအား လုပ်ထုံးလုပ်နည်းနှင့်အညီ ကျေးရွာဖွံ့ဖြိုးရေး အတွက် စီမံဆောင်ရွက်သင့်ပါကြောင်း ပြန်လည်၍တင်ပြအပ်ပါတယ်။

ဒေသခံတောင်သူလယ်သမားများနှင့် ကျေးလက်နေပြည်သူများက သစ်တောဥပဒေ၊ နည်း ဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကိုယ်ပိုင်သုံးသစ်သုံးစွဲနိုင်ရေးနှင့် စပ်လျဉ်း၍ ၁၉၉၂ ခုနှစ်၊ သစ်တောဥပဒေပုဒ်မ ၁၇ အရ သစ်တောထွက်ပစ္စည်းများကို ခွင့်ပြုမိန့်ရရှိပြီးမှသာ ထုတ်ယူခွင့်ရှိပါ သည်။ သို့ရာတွင် စီးပွားဖြစ်မဟုတ်သော မိမိသုံး၊ လယ်ယာလုပ်ငန်းသုံး သို့မဟုတ် ငါးဖမ်းလုပ်ငန်းသုံး

အတွက်ဖြစ်လျှင် သတ်မှတ်ထားသောအရေအတွက်ထက်မကျော်လွန်ပါက ခွင့်ပြုမိန့်ရယူရန်မလိုဘဲ ထုတ်ယူနိုင်သည်ဟု သတ်မှတ်ပြဋ္ဌာန်းထားပါတယ်။ ၁၉၉၅ ခုနှစ်၊ သစ်တောနည်းဥပဒေ ၃၀ နည်းဥပဒေခွဲ(က) အရ သုတေသနနှင့် ပညာရေးလုပ်ငန်း၊ ပြည်သူအကျိုးပြု သို့မဟုတ် ဘာသာရေးလုပ်ငန်းများတွင် သုံးစွဲရန်ဖြစ်သော သစ်တောထွက်ပစ္စည်းများနှင့် စီးပွားဖြစ်မဟုတ်သော မိမိသုံး၊ လယ်ယာလုပ်ငန်းသုံး သို့မဟုတ် ငါးဖမ်းလုပ်ငန်းသုံးအတွက် ထုတ်ယူသော သစ်တောထွက်ပစ္စည်းများကို ထုတ်ယူသည့်နေ့မှ တစ်နှစ်အတွင်းနှင့် ထုတ်ယူသည့်နေရာမှ မိုင် ၂၀ အတွင်း သုံးစွဲခြင်းနှင့် နည်းဥပဒေ ၃၀ နည်းဥပဒေခွဲ(ခ)အရ မိမိသုံး၊ လယ်ယာသုံး သို့မဟုတ် ငါးဖမ်းလုပ်ငန်းသုံး အတွက် သတ်မှတ်ထားသော အရေအတွက်ထက်မကျော်လွန်ဘဲ ထုတ်ယူခြင်းကိစ္စများမှအပ အစိုးရစီမံခန့်ခွဲပိုင်ခွင့်ရှိသော မြေတွင်ပေါက်ရောက်နေသော တားမြစ်သစ်ပင်စာရင်းတွင် မပါဝင်သည့် သစ်ပင်နှင့် သစ်များကို ခွင့်ပြုချက်မရှိဘဲ ခုတ်လှဲထုတ်ယူခြင်းမပြုရဟု သတ်မှတ်ပြဋ္ဌာန်းထားရှိပါတယ်။

သစ်တောဥပဒေ၊ နည်းဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ ကိုယ်ပိုင်သုံးသစ်အသုံးပြုခွင့်ရရှိရေးနှင့်ပတ်သက်၍ ကိုယ်ကျိုးစီးပွားအလွဲသုံးမှုများနှင့် ခွင့်ပြုချက်မဲ့စီးပွားဖြစ် တရားမဝင်ထုတ်လုပ်မှုများအား တားမြစ်ထားသော ကန့်သတ်ချက်များမှအပ ဒေသခံပြည်သူများ၏ အခြေခံစားဝတ်နေရေး လိုအပ်ချက်များအပေါ် မူတည်၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအမြင်၊ ဒေသဆိုင်ရာအုပ်ချုပ်ရေးအမြင်၊ လူမှုစီးပွားရေးအမြင်တို့ဖြင့် ခွင့်ပြုသင့်သည့် နေရာ/သစ်အမျိုးအစား/တန်ပမာဏတို့ကို အသေးစိတ်စိစစ်ပြီးတော့ ခွင့်ပြုလျက်ရှိပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။

ထို့အပြင် ဒေသခံပြည်သူများ နေထိုင်ရာဒေသများနှင့် သစ်တောထွက်ပစ္စည်းများ အထောက်အပံ့ပြုလျက်ရှိသော သစ်တောများ တဖြည်းဖြည်းချင်းအလှမ်းကွာဝေးသွားသည့်အတွက် ကျေးလက်နေပြည်သူများ၏ သစ်၊ တိုင်၊ မျော၊ လောင်စာ လိုအပ်ချက်များကို မိမိတို့အိမ်၊ ခြံပတ်ဝန်း ကျင်များတွင် လက်တစ်ကမ်းတွင် အလွယ်တကူရရှိနိုင်စေရန်နှင့် အခြေခံလိုအပ်ချက်များကို တစ်ဖက်တစ်လမ်းမှ ဖြည့်ဆည်းပေးနိုင်ရန်ရည်ရွယ်၍ ပြည်သူလူထုပူးပေါင်းပါဝင်ဆောင်ရွက်သော ကျေးလက်အိမ်ရာ စိုက်ခင်းများအဖြစ် တစ်ရွာလျှင် တစ်ဧကစိုက်ခင်း၊ တစ်အိမ်ထောင်လျှင် ကျွန်းသုံးပင်၊ သစ်မာအပင် ၂၀ စိုက်ပျိုးခြင်းလုပ်ငန်းများကို ၂၀၀၈-၂၀၀၉ ဘဏ္ဍာနှစ်မှစတင်၍ စီမံချက်ချမှတ် အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိရာ အဆိုပါစိုက်ခင်းများမှ ထွက်ရှိလာမည့် သစ်များကိုလည်း မိမိတို့ကိုယ်ပိုင် သုံးသစ်များအဖြစ် သတ်မှတ်ချက်များနှင့်အညီ စနစ်တကျသုံးစွဲနိုင်မည် ဖြစ်ပါတယ်။ အောင်မြင် ဖြစ်ထွန်းသော စိုက်ခင်းများဖြစ်စေရန်အတွက် ဒေသခံပြည်သူများမှ နိုးကြားသောအသိ

စိတ်ဓာတ်ဖြင့် တတ်ကြွစွာ ပူးပေါင်းအကောင်အထည်ဖော် ထိန်းသိမ်းဆောင်ရွက်နိုင်လျှင် အားလုံးအတွက် အကျိုးကျေးဇူးများမည်ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဦးခင်မောင်ရွှေ(တမူးမဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီထဲမှာ ကျွန်တော်က ဒီနောက်ဆုံးအပိုဒ်လေးကို မေးရတဲ့အကြောင်းအရင်းလေးက ခုနက ကျွန်တော်တို့ ဝန်ကြီးဖြေတဲ့ ဥပဒေ၊ နည်းဥပဒေအရဆိုရင် အမှန်တကယ် ဖြစ်ပါတယ်။ သို့သော်လည်းပဲ အောက်ခြေမှာ အမှန်တကယ်ဖြစ်ပျက်နေတာလေးကို ကျွန်တော်တို့က ဒါကိုမေးခြင်းဖြစ်ပါတယ်။ ဥပမာအားဖြင့် ကျွန်တော်တို့မြို့နယ်မှာဖြစ်ပျက်ခဲ့ဖူးတဲ့ အကြောင်းအရာတချို့ကိုဖော်ပြမယ်ဆိုရင် တကယ့်တောင်သူလယ်သမားတွေဟာ မိမိသုံးအတွက် တဲတိုင်တို့၊ အိမ်တိုင်တိုက်ကြပါတယ်။ တိုက်တဲ့အခါမှာ ဘာဖြစ်လာသလဲဆိုတဲ့အခါကျတော့ ဖမ်းဆီးခြင်းခံရတယ်။ ဖမ်းဆီးခြင်းခံရတဲ့အခါကျတော့ အမှန်သစ်တောဝန်ကြီးဌာနကတော့ ကျွန်တော်တို့ ဖြစ်တတ်တာကတော့ သစ်တောဦးစီးဌာနက ဖမ်းတာ မဟုတ်ပါဘူး။ ကျွန်တော်တို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့က ဖမ်းတာပါ။ ဖမ်းတဲ့အခါကျတော့ ဒီသစ်တွေဟာ တောင်သူလယ်သမားတွေအတွက် အမှန်တကယ်လည်းပဲ တဲတွေသုံးတာလည်း ဖြစ်ပါတယ်။ ယာတွေအတွက် သုံးတာလည်း ဖြစ်ပါတယ်။

သို့သော်လည်းပဲ ကျွန်တော်က အဲ့ဒီမှာ သစ်တောဝန်ကြီးဌာနကို မေးကြည့်တဲ့အခါမှာ သတ်မှတ်ထားတဲ့အရေအတွက်၊ သတ်မှတ်ထားတဲ့တန်မပြည့်လို့ရှိရင် ထုတ်ယူခွင့်ရှိတယ်လို့လည်းပဲ နည်းဥပဒေမှာ ဖော်ပြထားတယ်။ အကယ်၍များ တရားရုံးမတင်ဘဲနဲ့ နောက်ဆုံး အရေးယူရမယ်ဆိုရင်တောင်မှ သစ်တောဦးစီးဌာနရဲ့ စီမံခန့်ခွဲရေး နည်းလမ်းအရ အရေးယူမယ်ဆိုရင် မရဘူးလားလို့ ဒီလိုမေးကြည့်ပါတယ်။ သို့သော်လည်းပဲ ဒီသစ်နဲ့ပတ်သက်ရင် ကျွန်တော်တို့က တရားရုံးကို တင်ရမယ်လို့ပဲ ဆိုပါတယ်။ တရားရုံးကိုတင်တဲ့အခါကျလို့ရှိရင်လည်းပဲ တရားရုံးက တရားသူကြီးများက သစ်အမှုတင်လာရင်တော့ နဲနဲများများ ရှင်းရှင်းပြောရရင်တော့ ထောင်ချမှာပဲဆိုတဲ့ ဒီလိုရှိနေတဲ့အတွက် ပြီးခဲ့တဲ့နှစ်က ကျွန်တော်တို့ဒေသက တောင်သူလယ်သမားအချို့ အတော်လေး ကျွဲ၊ နွားတွေ ဆုံးရှုံးပြီးတော့မှ ထောင်ကျခဲ့တဲ့အဖြစ်မျိုးတွေ ရှိခဲ့ပါတယ်။ အဲ့ဒီကိစ္စမှာ ကျွန်တော်အပြင်ဘက်မှာ တရားသူကြီးနဲ့တွေ့တဲ့အခါ မေးတဲ့အခါကျတော့လည်းပဲ ဟုတ်ပါတယ်တဲ့။ လွှတ်တော်ကိုယ်စားလှယ်ပြောတဲ့အတိုင်းပဲ တကယ်တောင်သူလယ်သမားတွေရဲ့ တင်ပြလာတဲ့ ဓာတ်ပုံအရ တကယ့်သစ်လုံးကလည်း အိမ်တိုင်သေးသေးလေးတွေပါပဲ။ ဒါပေမယ့်လို့ ကျွန်တော်တို့က တရားရုံးကို ရောက်လာပြီ

ဆိုတဲ့အတွက် ကျွန်တော်တို့ ဒါကိုပြောမယ်ဆိုရင်တော့ အထက်ကခိုင်းတာလို့ပဲ ကျွန်တော်တို့ ပြောပါတယ်။ ထောင်ချရမယ်လို့ပြောတဲ့အတွက် အဲ့ဒီလယ်သမားတွေကို ထောင်ချပါတယ်။ လှည်းတွေ၊ နွားတွေကို သိမ်းပါတယ်။ သိမ်းပြီးတော့မှ လေလံပစ်တဲ့အခါမှာ တောင်သူလယ်သမားတွေ အတော်လေး ဆုံးရှုံးခဲ့၊ နစ်နာခဲ့ရပါတယ်။

ဒါ့ကြောင့်မို့လို့ ကျွန်တော်က ဒီမေးခွန်းကို မေးခြင်းသည် ဥပဒေ၊ နည်းဥပဒေပါအတိုင်း ကျွန်တော်တို့ တောင်သူလယ်သမားတွေက ယခင်တုန်းကဆိုရင် အိမ်ဆောက်တဲ့အခါမှာ သစ်တောဦးစီးဌာနကိုသွားပါတယ်။ ကျွန်တော်တို့ အိမ်အတွက် ဒီနှစ်မှာသစ် ၁၀ တန်လောက် ဆွဲချင်ပါတယ်။ လျှောက်ပါတယ်။ လိုင်စင်ချပေးပါတယ်။ သစ်တောကတောထဲမှာသွားပြီးတော့မှ တံဆိပ်ရိုက်ပေးပါတယ်။ အခု အဲ့လိုမျိုး လျှောက်ခွင့်မရှိတဲ့အခါကျတော့ သူတို့ကိုအထက်ကလည်း ဘာမှမညွှန်ထားဘူးလို့ ဒီလိုညွှန်ကြားထားတဲ့အတွက် အခုလည်းမလုပ်ဘူးလားဆိုတော့ တောင်သူလယ်သမားတွေကတော့ ကိုယ်ပိုင်တုံးနဲ့လုပ်ကြတာပါပဲ။ သို့သော်လည်းပဲ အဆင်မပြေတဲ့အခါမှာ ဥပဒေနှင့်အညီမဟုတ်တဲ့အတွက် ခုနလိုမလိုလားအပ်တဲ့ကိစ္စတွေ ဖြစ်လာနိုင်ပါတယ်။ ဒါ့ကြောင့်မို့လို့ ကျွန်တော်တို့က ဥပဒေ၊ နည်းဥပဒေထဲမှာပေးထားတဲ့အတိုင်း တောင်သူလယ်သမားတွေကို ကိုယ်ပိုင်သုံးသပ်ရနိုင်ဖို့အတွက် သေသေချာချာရှင်းပြပြီးတော့မှ ဆောင်ရွက်မယ်ဆိုရင် ခုနက တောင်သူလယ်သမားတွေကလည်းပဲ နည်းဥပဒေ၊ ဥပဒေများအတိုင်း လိုက်နာလာကြမယ်။ သူ့ရဲ့လုပ်ထုံးလုပ်နည်းများ လုပ်လာမယ်ဆိုရင် ခုန နောက်ဆက်တွဲ မလိုလားအပ်တဲ့ ပြဿနာတွေ မပေါ်ပေါက်စေရေးအတွက် ကျွန်တော် ဒီမေးခွန်း မေးမြန်းခြင်း ဖြစ်ပါတယ်။ ဒါ့ကြောင့်မို့လို့ ဖြစ်နိုင်မယ်ဆိုရင်တော့ သစ်တောဝန်ကြီးဌာနအနေနဲ့ ဒီလိုအောက်ခြေကိုများ ဘယ်လိုလုပ်ပေးသင့်ပါတယ်ဆိုတဲ့ ညွှန်ကြားချက်များထုတ်ပေးဖို့ ရှိပါသလားလို့ ထပ်ဆင့်မေးခွန်း မေးမြန်းအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ပြည်ထောင်စုဝန်ကြီးဖြေမယ်။ ဟုတ်ကဲ့။

**ဦးဝင်းထွန်း(ပြည်ထောင်စုဝန်ကြီး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန )**။ ။ ဥပဒေ၊ နည်းဥပဒေများထဲတွင် ထိုကဲ့သို့ဆိုထားသော်လည်းပဲ အရင် ကျွန်တော်တို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအစိုးရလက်ထက် ကျွန်တော်တို့ ဒီဥပဒေပါ အချက်အလက်များကို ပြည်သူလူထုကိုခံစားခွင့်မပြုခဲ့ပါဘူး။ မပြုခဲ့တဲ့အကြောင်းကလည်း သစ်အသုံးပြုသူများဘက်မှရော၊ ကြပ်မတ်ဆောင်ရွက်ဆောင်ရွက်ရမယ့် ဝန်ထမ်းများအပိုင်းမှရော နှစ်ဦးနှစ်ဖက်စလုံးက ကျွန်တော်တို့ ရိုးသားဖြောင့်မတ်မှုမရှိကြတာဖြစ်ပါတယ်။ မိမိသုံးကိုအကြောင်းပြပြီးတော့

စီးပွားဖြစ် ထုတ်လုပ်မှုများလည်း ရှိခဲ့ကြသလို ဒါနေရာနှင့်အနှံ့ဖြစ်ပါတယ်။ ဝန်ထမ်းများအပိုင်းမှလည်း စနစ်တကျစည်းကမ်းဥပဒေနှင့်အညီ ကြပ်မတ်ရမယ့်အစား ကိုယ်ကျင့်တရားဖောက်ဖျက်ပြီးတော့ လာဘ်လာဘအခကြေးငွေများနှင့် ပါဝင်ပတ်သက်မှုများ အများအပြားဖြစ်ခဲ့တဲ့အတွက်ကြောင့်မို့ ဒီအခွင့် အရေးများကိုတော့ဖြင့် အောက်ခြေကို ခွင့်ပြုထားလို့ရှိရင် သစ်တောများ အလျင်အမြန်ပြုန်း တီးသွား နိုင်ပါတယ်ဆိုတဲ့ အနေအထား အမှန်တကယ် ဖြစ်ခဲ့ပါတယ်။ အမှန်တကယ်ဖြစ်ခဲ့တဲ့အတွက် ကြောင့်မို့ အဆင့်ဆင့်သောတာဝန်ရှိသူများက ဒီအခွင့်အရေးကို ဝန်ထမ်းများကိုလည်း ဆက်လက်ပြီး တော့ ကျင့်သုံးခွင့်မပြုထားသလို၊ သုံးစွဲသူများကိုလည်းပဲ မိမိသုံးသစ်များကိုခွင့်ပြုဖို့ မသိကျိုးကျွန်ပြု ထားတဲ့ အနေအထားဖြစ်ပါတယ်။ သို့သော်လည်းပဲ နိုင်ငံတော်အစိုးရသစ်က ကျွန်တော်တို့ ဒီမိုကရေစီ နိုင်ငံတော်ကို သွားကြတော့မယ်ဆိုတဲ့ ပြုပြင်ပြောင်းလဲရေးကာလတစ်လျှောက်လုံးမှာတော့ ဒီဥပဒေပါ အချက်အလက်များကို ဥပဒေနှင့်အညီ အတိအကျကျင့်သုံးဖို့အတွက်ကို ကျွန်တော်တို့ အင်မတန်မှ အလေးထားပြီးတော့ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ နှစ်ပေါင်းမြောက်မြားစွာ အလေ့အကျင့်မရှိ လာခဲ့တဲ့ စနစ်တစ်ခုအပေါ်မှာ ချက်ချင်းဖြစ်ဖို့ဆိုတာတော့ နည်းနည်းလေးလက်တွေ့ပိုင်းမှာ အခက် အခဲရှိနေပုံပေါ်ပါတယ်။ သို့သော်လည်းပဲ ကျွန်တော်တို့ အုပ်ချုပ်တဲ့ဝန်ကြီးဌာနအပိုင်းကတော့ ပြတ်ပြတ်သားသား ဆင့်ကဲဆင့်ကဲညွှန်ကြားထားပြီး ဖြစ်ပါတယ်။ အကယ်၍များ အောက်ခြေထိ မရောက်ခဲ့သေးရင်လည်း ရောက်တယ်မရောက်ဘူးကို ကျွန်တော်တို့တာဝန်ရှိပါတယ်။ ကျွန်တော်တို့ ပြန်စစ်ပါမယ်။ ထို့အပြင် အကယ်၍ကျွန်တော်တို့ဝန်ထမ်းများ အပိုင်းဘက်က တာဝန်ရှိတယ်လို့ တစ်စုံတစ်ရာ ယူဆခဲ့လို့ရှိရင်လည်း ကျွန်တော်တို့ထံကို အချိန်မရွေး တင်ပြပြောဆိုအကြောင်းကြား ပါက လိုအပ်သလို အရေးယူဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ပြန်လည်၍ ဖြေကြားအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဦးခင်မောင်ရွှေ၊ တမူးမဲဆန္ဒနယ်က မေးတဲ့မေးခွန်းဟာ ဒီနေရာတစ်နေရာ ထဲမှာမဟုတ်ဘဲနဲ့ အခြားနေရာဌာနတွေမှာလည်း ဖြစ်ပေါ်နေတယ်ဆိုတာ အပြင်စကားအရသိနေရပါ တယ်။ ဒီနေ့မြန်မာနိုင်ငံမှာရှိတဲ့ တောနေတောင်သူလယ်သမားများဟာ သူတို့ရဲ့အိမ်ကို မျှောတိုင်နဲ့ တည်ဆောက်တယ်။ တတ်နိုင်တဲ့သူကတော့ သစ်ခင်းသစ်ကာ ကာတယ်။ အမိုးက သွပ်မိုးပေါ့။ သို့ရာ တွင် များသောအားဖြင့်တော့ မျှောတိုင် ပြီးတဲ့အခါမှာ ဝါးထရံ၊ သက်ကယ်မိုး ဖြစ်ကြပါတယ်။ ဒါက နေထိုင်ဖို့အိမ်ပါ။ ထင်းအဖြစ်တော့ တောင်ပေါ်တက်တောခုတ်၊ တောခုတ်ပြီးတဲ့အခါမှာ ဒီထင်းကိုပဲ လောင်စာအဖြစ်သုံးပြီးတော့ ထမင်းဟင်းချက်ပါတယ်။ အများစုဖြစ်ပါတယ်။ ဒါကြောင့် ဒီကိစ္စတွေဟာ ဒီနေ့အမြဲကြုံတွေ့နေရမယ့် ပြဿနာတွေဖြစ်ပါတယ်။ အဲ့လိုကြုံတွေ့နေရမယ့် ပြဿနာမှာ ခုနက

ဦးတင်မောင်ရွှေတင်ပြသလို ကိုယ့်တစ်နိုင်အိမ်သုံးအတွက်ခုတ်ရင်းနဲ့ ဒီလိုပြဿနာဖြစ်လာတဲ့အခါမှာ နောက်ဆုံး ဥပဒေလုပ်ထုံးလုပ်နည်းက ဒါတရားရုံးစွဲတင်ရမယ်ဆိုတာလည်း ပါကောင်းပါနိုင်ပါတယ်။ ဒါကြောင့် တရားရုံးစွဲတင်တဲ့အခါမှာ တရားသူကြီးများက ဒီလိုစွဲတင်လာတဲ့အမှုတိုင်းကို ခုနကတင်ပြသလိုပေါ့လေ။ ဟုတ်ချင်လည်းဟုတ်မှာပေါ့။ ဟုတ်လား။ တရားရုံးရောက်လာရင်တော့ ထောင်ချမယ်။ ပြီးရင် ဒီပစ္စည်းတွေကိုသိမ်းမယ်။ ပြီးတဲ့အခါမှာ လေလံလုပ်မယ်ဆိုတဲ့အတွက် ခုနက တောသူတောင်သားများရဲ့ တောင်သူလယ်သမားများရဲ့ နွားတွေ၊ လှည်းတွေဟာ လေလံပစ်ခံလိုက်ရမယ့်သဘောရှိတယ်။ ဒါ ကြောင့် လေလံပစ်ခံလိုက်ရမယ့်သဘော ဖြစ်တဲ့အတွက် သူမူလပိုင်ထားတဲ့လှည်း၊ နွား ဆုံးရှုံးသွားပြီ။ ဆုံးရှုံးသွားပြီဆိုတဲ့အတွက် သူတို့လယ်ယာလုပ်ငန်းခွင်မှာလိုတဲ့ လှည်းမရှိ၊ နွားမရှိဖြစ်တဲ့အတွက် မလိုအပ်တဲ့ပြဿနာတွေလည်း ဖြစ်နေပါတယ်။ ဒီကိစ္စဟာ ဝန်ကြီးဌာနတစ်ခု တည်းဆောင်ရွက်လို့ရနိုင်တဲ့ ကိစ္စမဟုတ်ဘူးလို့ ကျွန်တော့်အနေနဲ့ ထင်ပါတယ်။ ဒါကြောင့်မို့လို့ ဦးခင်မောင်ရွှေ တင်ပြတဲ့မေးခွန်းသည် တစ်နိုင်ငံလုံးနေရာအနှံ့အပြားမှာ ဖြစ်ပျက်နေတဲ့ကိစ္စရပ်များဖြစ်တဲ့အတွက် ဒါကိုဝိုင်းဝန်းအဖြေရှာပြီးတော့ ပြဿနာပြေလည်ရေးအတွက် လုပ်သင့်တယ်လို့ ဒီလိုပဲယူဆပါတယ်။ ဒါကြောင့်မို့လို့ ဒါနဲ့ပတ်သက်ပြီးတော့ သက်ဆိုင်ရာပြည်သူ့ရေးရာစီမံခန့်ခွဲရေးကော်မတီဘက်ကလည်း လိုပါလိမ့်မယ်။ သစ်တောရေးရာဝန်ကြီးဌာနဘက်ကလည်း လိုပါလိမ့်မယ်။ ပြီးတဲ့အခါမှာ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ဘက်ကလည်း လိုပါလိမ့်မယ်။ ဒါအကြမ်းဖျင်းပြောတာပါ။ အခြားအခြားများလည်း လိုနိုင်ပါတယ်။ ဒီဟာ ဝန်ကြီးဌာနတစ်ခုထဲက ဘယ်လိုမှဖြေရှင်းလို့ရနိုင်တဲ့ကိစ္စမဟုတ်ပါဘူး။ ဒါကြောင့်မို့လို့ ဒါလေးကို ကျွန်တော်တို့မှတ်တမ်းအဖြစ်ထားပြီးတဲ့အခါမှာ ဒီလိုတစ်နိုင်ငံလုံးအနှံ့အပြားမှာ ပေါ်ပေါက်နေတဲ့ကိစ္စကို ချောမွေ့စွာဖြေရှင်းပေးနိုင်ဖို့က ကျွန်တော်တို့အတွက် အရေးတကြီးလိုအပ်ချက်ဖြစ်ပါတယ်။ ဒီဟာသည် အစိုးရ၊ အုပ်ချုပ်ရေးအဖွဲ့၊ သက်ဆိုင်ရာဝန်ကြီးဌာနတစ်ခုတည်း တာဝန်ရှိတာမဟုတ် ဘဲနဲ့ ကျွန်တော်တို့မှာလည်း တာဝန်ရှိတယ်လို့ ခံယူပြီး ဒီလုပ်ငန်းများအောင်မြင်အဆင်ပြေဖို့အတွက် ဝိုင်းဝန်းဆောင်ရွက်သွားဖို့လိုတယ်လို့ ကျွန်တော် လွှတ်တော်ကိုပဲ ဒီလိုပဲတင်ပြပြီးတော့ ဒါကိုလည်း မှတ်တမ်းအဖြစ်ထားပြီးတဲ့အခါမှာ ဆက်လက်ဆောင်ရွက်သွားမယ်ဆိုတဲ့အကြောင်း မေးခွန်းမေးတဲ့ ဦးခင်မောင်ရွှေ အပါအဝင် လွှတ်တော်ကို ကျွန်တော်တင်ပြလိုပါတယ်။

**သဘာဝသစ်တောများကို ကာကွယ်စောင့်ရှောက်ရေးအတွက် ထိရောက်မှုရှိရန် ဝန်ထမ်းများတိုးချဲ့ခန့်ထားပေးရန်နှင့် သက်ဆိုင်ရာဌာနများသို့ ဆုပေး၊ ဒဏ်ပေးစနစ်ကျင့်သုံးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ဦးစိုးသိမ်း၊ ကလေးဝမဲဆန္ဒနယ်က မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိုးသိမ်း(ကလေးဝမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်ရှိတဲ့ပုဂ္ဂိုလ်များ ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်း တစ်လုံးတစ်ဝနှင့်ပြည့်စုံပါစေလို့ ဂါရဝပြုဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒီနေ့ မေးမယ့်မေးခွန်းကတော့ အနာဂတ်တိုင်းပြည်နဲ့ အနာဂတ်မျိုးဆက်သစ်တွေအတွက် ရည်ရွယ်ပြီး မေးတဲ့မေးခွန်းဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော် ဒီသစ်ကိစ္စနှင့်မေးခဲ့တာ ကျွန်တော် ဩဂုတ်လကတည်းက မေးခဲ့ပြီးသား မေးတဲ့အခါမှာ ကျွန်တော်တို့ မဟာမြိုင်သစ်တောကြီးက ဝင်ငွေ ဘယ်လောက်ရပါသလဲဆိုတော့ ဝန်ကြီးဌာနကလည်း ၁၉၅.၄၄ သန်းရရှိခဲ့တယ်လို့ပြောတော့ အင်မတန်မှ အားရဖွယ်ရာဖြစ်ပါတယ်။ သို့သော်လည်း ဒီနေ့ ဖွံ့ဖြိုးရေးကိစ္စနှင့်ပတ်သက်ပြီး ကျွန်တော် ပြန်သွားတဲ့အချိန်မှာ ဇန်နဝါရီလတည်းက ကျွန်တော်တို့ ကလေးဝမြို့နယ်ထဲမှာ တမလန်း သစ်တွေ ဖမ်းမိတယ်ဆိုတဲ့အကြောင်းကို သိခဲ့ရတယ်။ သိခဲ့ရတဲ့အပြင် ကျွန်တော်လည်း အဲ့ဒီကလည်း ယူခဲ့ပါတယ်။ ဓာတ်ပုံတွေနဲ့လည်း ကျွန်တော် Power Point နဲ့လည်း ပြဖို့အစီအစဉ်ရှိပါတယ်။ အဲ့တော့ အဲ့ဒီကိစ္စရယ်။ ဂျာနယ်တွေထဲမှာ ပါပါနေတဲ့ သစ်တွေဖမ်းဆီးမိတယ်ဆိုတဲ့ ဟာတွေထဲက ကျွန်တော့် စစ်ကိုင်းတိုင်းနဲ့ဆိုင်တဲ့ ဒီလို စစ်ကိုင်းမြို့ထဲမှာ ကားမှောက်သည်အထိ တင်လာတဲ့ တမလန်းသား ဒီနေ့ ဒီသစ်တွေရဲ့ အရွယ်အစားကြည့်လိုက်ရင် ကျွန်တော်တို့အနေနဲ့ ဒီမှာ Burma Selection System ဆိုတဲ့ ဥပဒေနဲ့ဆိုရင်တော့ အတော်လေးကို ကွာခြားနေတယ်။ အဲ့ဒီကွာခြားနေပြီးတော့ ကျွန်တော်တို့က အဲ့ဒီ မှောင်ခိုသစ်လို့ပဲဆိုရတော့မှာပေါ့။ အဲ့ဒါကြောင့်မို့လို့ ကျွန်တော်တို့က ဒီအက်ကို အင်္ဂလိပ်အုပ်ချုပ်မှု ခေတ် အနည်းငယ်တင်ပြခွင့်ပြုပါခင်ဗျား။ ဒါလေးကို အခြေခံတရားအနေနဲ့ အင်္ဂလိပ်အုပ်ချုပ်မှုခေတ် အချိန်ကစပြီး မြန်မာ့သစ်တောများကို မပြုန်းတီးအောင် စနစ်တကျရွေးချယ်ထုတ်လုပ်သည့်စနစ်သည် အကျိုးကျေးဇူးများခဲ့သည်ကို သိသာထင်ရှားပါသည်။ သစ်တစ်ပင်သည် အနှစ်သုံးဆယ်ကြာ ရင်စို့ လုံးပတ် ကျွန်တော်တို့ဒေသတော့ ကျွဲမီးတစ်ရိုက်လို့ခေါ်ပါတယ်။ တစ်ပေတိုးပါတယ်။ အနှစ်သုံးဆယ် ကြာမှာ။ မြန်မာ့သစ်ခုတ်ပတ်စဉ် Felling Cycle အရ အနှစ်သုံးဆယ်သတ်မှတ်၍ အနာဂတ် သစ်တောထုတ်အား

ခန့်မှန်းတွက်ချက်နိုင်ပါတယ်။ အနာဂတ်ရဲ့တိတိကျကျပြောပြီးတော့ ထုတ်လုပ်နိုင် ခြင်းဖြစ်ပါတယ်။ တိတိကျကျသတ်မှတ်ပြီး ထုတ်လုပ်ပါတယ်။ အချိန်ကျရောက်တဲ့သစ်ပင်ကို ခုတ်လှဲ ခြင်း၊ သုံးစွဲခြင်းမပြုပါက သစ်ပင်တွေကအခေါင်းဖြစ်ပြီးတော့ အလဟဿ တန်ဖိုးကျသွားတာရှိပါတယ်လို့ဆိုပါတယ်။ သစ်ပင်ငယ်များကိုလည်း ဒီမှန်ကန်တဲ့သစ်ကို ခုတ်ရမယ့်သစ်ကို ထုတ်ပေးခြင်းအားဖြင့် နောက် ကျွန်တော်တို့ သစ်ပင်ငယ်လေးများအတွက် အလင်းဖွင့်ပေးခြင်းဖြစ်ပြီးတော့ သစ်ပင်ကြီးထွားပြီး သဘာဝအချိန်ကျတဲ့ ခုတ်ပေးရတဲ့ ချန်ပင်များဖြစ်တယ်လို့ အရေးကြီးတယ်လို့ဆိုပါတယ်။ ဒီနေရာမှာ ကျွန်တော် တစ်ခု နောက်ကြောင်း မြန်မာနိုင်ငံသမိုင်းနှင့်ယှဉ်ပြီးပြောချင်တာက ၁၉၂၀ ခုနှစ်က သစ်တောဥပဒေပြဋ္ဌာန်းပြီး မြန်မာနိုင်ငံသစ်တောများကို စနစ်တကျအုပ်ချုပ်ခဲ့ပါတယ်။ သစ်တောကြိုးဝိုင်း၊ ကြိုးပြင်တောများကိုလည်း စနစ်တကျဖွဲ့စည်းပြီး အကွက်အလိုက်ထုတ်ယူပြီး နှစ်သုံးဆယ်ကြာလျှင်တစ်ကြိမ် ထုတ်ခဲ့ပါတယ်။ မြန်မာ့ ကျွန်းသစ်နဲ့ပတ်သက်ပြီး ထုတ်လုပ်ခြင်းအား သစ်မာထုတ်လုပ်ခြင်းနှင့်အတူ သစ်မာပင်ထောင်ရိုက်ခြင်းတို့ကိုလည်း စနစ်တကျလုပ်ခဲ့ပါတယ်။ ဒီနေရာမှာ ကျွန်တော်တို့ မြန်မာနိုင်ငံရဲ့ သီပေါဘုရင်သီပေါမင်းကြီးဟာဆိုရင် ဘုံဘေဘားမားသစ်ကုမ္ပဏီ ခိုးထုတ်မှုအား အရေးယူခဲ့မှုကြောင့် တတိယအကြိမ် အင်္ဂလိပ်-မြန်မာစစ်ပွဲဖြစ်ပြီး သူ့ကျွန်ဘဝရောက်ခဲ့ရပါတယ်။ သီပေါမင်းဟာ အစစအရာရာမယှဉ်ပြိုင်နိုင်တဲ့ အင်္ဂလိပ်အားရှုံးနိမ့်မည်ကို သိပါလျက်နှင့် သစ်တောအား ကာကွယ်ရန်အလွန်အရေးကြီးပါသဖြင့် စည်းကမ်းမရှိတဲ့ကုမ္ပဏီအား ထိရောက်စွာ အရေးယူခဲ့တယ်ဆိုတာကို ကျွန်တော်တို့တွေ့မြင်ရမှာပါ။ ဒါပေမယ့် ကျွန်တော်တို့ မြန်မာနိုင်ငံအုပ်ချုပ်ရေးမှာ မကြာသည့်အချိန်က MP လို့ခေါ်တဲ့ Modified Procedure ပြဋ္ဌာန်းချက်တစ်ခုကြောင့်မို့လို့ ကျွန်တော်တို့သစ်တောဟာ ဒီလိုပဲ နစ်နာထိခိုက်လာတယ်လို့သိရပါတယ်။ ကျွန်တော်တို့ ဒီမှာ သစ်တော၊ သစ်ပင်၊ ချုံပုတ်အပေါင်းတို့ဟာဆိုရင် လေဒဏ်ကိုကာတယ်။ အသုံးဝင်ပြီး လေဒဏ်ကိုကာကွယ်တဲ့ အသုံးဝင်ပြီး လေပြင်းတိုက်ခြင်းကိုလည်း အရှိန်လျှော့စေတယ်။ မြေဆီလွှာတိုက်စားခြင်း၊ ကာကွယ်ခြင်း၊ သဲကန္တာရအဖြစ်သို့မရောက်ခြင်း၊ ကာကွယ်ခြင်း၊ မိုးရေစီးဆင်းမှု အမြန်စီးဆင်းပါက အပေါ်ယံမြေအားလုံးတို့ မိုးရေနှင့်အတူစီးဆင်းသွားပြီး ချောင်းရေနှင့်အတူ ချောင်းများ၊ အိုင်များ၊ မြစ်များ ကောခြင်းကနေကာကွယ်တယ်လို့ဆိုထားပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ အရင် ကိုယ်စားလှယ်တွေကလည်း အများကြီးပါပဲတင်ပြထားတာ။ တင်ပြထားတဲ့အတွက် ဒီဟာကိုတော့ ကျွန်တော် တင်ပြခွင့်ရတဲ့အတွက် ကျေးဇူးတင်ပါတယ်။ အခု ကျွန်တော်မေးတဲ့မေးခွန်းကို ဆက်လက်မေးပါ့မယ်။ ယနေ့ မြန်မာနိုင်ငံတော်အတွင်း သဘာဝသယံဇာတများ တရားဝင်ထုတ်ယူခွင့်အရေအတွက်၊ အမှန်ထုတ်ယူသောအရေအတွက် တရားမဝင်ထုတ်ယူနေသော (ဖမ်းဆီးရ)အရေ

အတွက်များနှင့် စာရင်းအရ ကျန်ရှိမည့်အရေအတွက်နှင့် မှန်ကန်အမှန်ကျန်ရှိမည့်စာရင်း ကွာခြားမှု ရှိ/မရှိနှင့် သစ်ပင်များသည် တစ်ပေအထက်ဖြစ်တည်ရန် နှစ်ပေါင်းသုံးဆယ်ကြာမြင့်ကြောင်းနှင့် မျိုးစေ့မပျက် (Mother Fruits) များ ထားရှိရမည်ဟူသော စည်းကမ်းချက်သတ်မှတ်ချက်များနှင့်အညီ လုပ်ဆောင်ရန်လိုအပ် မည်ဖြစ်ပါသည်ဟုထင်ပါသည်။ သို့ဖြစ်ပါ၍ အောက်ပါမေးခွန်းများအား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါသည်။

(၁) ကလေးဝမြို့နယ်နှင့်ထိစပ်လျက်ရှိသော သစ်တောကြိုးဝိုင်းများမှ သစ်တောကြိုးဝိုင်း အလိုက် တရားဝင်ထုတ်ယူသော သစ်တန်အရေအတွက်၊ (၂) ဖော်ပြပါ ကြိုးဝိုင်းအတွင်းတွင် တရား မဝင်ဖမ်းဆီးရရှိသော

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။ မေးခွန်းကို နိဂုံးချုပ်ပါ။

**ဦးစိုးသိမ်း(ကလေးဝမဲဆန္ဒနယ်)**။ ။ ပိုင်ရှင်မဲ့ ဖမ်းဆီးသစ်များ ပြန်လည်ရောင်းချသော ပုဂ္ဂိုလ်အမည်၊ အဖွဲ့အစည်းအမည်များနှင့် အရေအတွက် ကလေးဝမြို့နယ်အတွင်း သက်ကယ်ကျင်း ကျေးရွာနှင့် ချင်းချောင်းကျေးရွာဆက်သွယ်သောလမ်းကို ဖောက်လုပ်ပေးရန် တင်ပြထားခဲ့သော်လည်း ရန်ပုံငွေများ နည်းတဲ့အတွက်၊ မရသေးတဲ့အတွက် မပေးနိုင်ဘူးဟုဆိုသော်လည်း တရားဝင်သစ်၊ တရားမဝင်သစ်များ ထုတ်နေတဲ့လမ်းများသည် မဟာမြိုင်သစ်တောထဲမှာ ထုတ်ပေးရှိသည်ဟုသိပါ သလား။ နေပြည်တော်တွင် ပရဆေးဥယျာဉ်ကဲ့သို့ သစ်တောကြိုးဝိုင်းများအတွင်း ပရဆေးများကို ဖော်ထုတ်၍ သယံဇာတပျက်သုဉ်းမှုကာကွယ်ခြင်းနှင့် ဒေသခံတို့အတွက် လုပ်ငန်းပေါ်ပေါက်ရန် စားဝတ်နေရေးအထောက်အကူပြုလုပ်ငန်းများ အစီအစဉ်ရှိပါသလား။ နိုင်ငံခြားသို့ သစ်လုံးအလိုက် ရောင်းချမှုပိတ်ပင်၍ အချောထည်များတင်ပို့ရောင်းချမည့် နိုင်ငံတော်အစီအစဉ်အရ သစ်ထုတ်လုပ် နေသော သစ်တောကြိုးဝိုင်းအတွင်းတွင် အချောကိုင်စက်ရုံများ တည်ဆောက်သည့်လုပ်ငန်းလုပ်ပါက နှစ်စဉ်ပြင်ဆင်နေသောလမ်းများ ပျက်စီးမှုကာကွယ်ရာရောက်ပြီး ဒေသခံတို့အတွက် လုပ်ငန်းများ ပေါ်ပေါက်လာမည်ကို အစီအစဉ်ရှိပါသလား။ (၇) သစ်တောသယံဇာတများ ကာကွယ်ထိန်းသိမ်းရန် အဓိကတာဝန်ရှိသော ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ ပြည်ထဲရေး ဝန်ကြီးဌာနအောက်ရှိ မြန်မာနိုင်ငံရဲတပ် တပ်ဖွဲ့နှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့မှ ပိုင်ရှင်မဲ့ သစ်များဖမ်းဆီးမှုမရှိခင် ကြိုတင်သိရှိခြင်း၊ ကြိုတင်ကာကွယ်ခြင်းများအား ဆောင်ရွက်မှုအားနည်း ခြင်းကို သိပါသလား။ (၈) သဘာဝသစ်တောကာကွယ်စောင့်ရှောက်ရေး ထိရောက်မှုမရှိစေရန် ဝန်ထမ်းများ တိုးချဲ့ခန့်ထားရန်အစီအစဉ်ရှိ/မရှိ။ (၉) သဘာဝသစ်တောများ ထိရောက်စွာကာကွယ်

စောင့်ရှောက်ခြင်းအတွက် သက်ဆိုင်ရာဌာနများသို့ ဆုပေး/ဒဏ်ပေးစနစ်ကျင့်သုံးရန် အစီအစဉ်ရှိ/မရှိ ဆိုတဲ့ မေးခွန်းများ မေးမြန်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးက ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဝင်းထွန်း(ပြည်ထောင်စုဝန်ကြီး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန)**

။ ။ ကျွန်တော့်အနေဖြင့် စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးဝမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးသိမ်း၏ မေးခွန်းကို ကျွန်တော်ဆက်လက်ပြီးတော့ ဖြေကြားသွားမှာဖြစ်ပါတယ်။ ပြင်ဆင်ထားတဲ့မေးခွန်းကို ဖြေကြားမှုမပြုခင် မေးခွန်းမတိုင်ခင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးသိမ်းရဲ့ ဆွေးနွေးတင်ပြချက်များဟာ ကျွန်တော်တို့ဝန်ကြီးဌာန ခံယူကျင့်သုံးလျက်ရှိသော စိတ်နေ၊ စိတ်ထားနှင့် ထုပ်ထုံးလုပ်နည်းများ ဥပဒေစည်းမျဉ်း၊ စည်းကမ်းများနှင့် အကုန်လုံးတစ်ထပ်တည်းပဲ ငြင်းဆိုစရာမရှိပါဘူး။ ဒီအတိုင်းလည်းပဲ ဖြစ်မြောက်အောင် ကျွန်တော်တို့ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ သို့သော်လည်းပဲ အကြောင်းကြောင်းကြောင့် ဒီအတိုင်းမဖြစ်လာဘဲနဲ့ တရားမဝင်ဆောင်ရွက်မှုများ ဒီနေ့ ကျွန်တော်တို့နိုင်ငံတော်အတွင်းမှာ အလွန်အကျွံ ဖြစ်ပွားနေပါတယ်။ ဒါကလည်း မသိနားမလည်တဲ့ ဆင်းရဲနွမ်းပါးတဲ့ ကျေးလက်နေပြည်သူများဟာ အမှန်မှာတော့ ဒီတန်ဖိုး ပြည့်ပြည့်ဝဝ ခံစားရမရှိဘဲနဲ့ အနည်းငယ်မျှသော ငွေကြေးကိုအကြောင်းပြုပြီးတော့ ဒါဦးစီးဦးဆောင် ပြုနေတဲ့ စီးပွားရေးလုပ်ငန်းရှင်များက မသမာစီးပွားမှုကို အကျိုးပြုနေတဲ့ စီးပွားရှင်များက ဒါမသိနားမလည်တဲ့ ကျေးလက်နေပြည်သူများကို စည်းရုံးသိမ်းသွင်းပြီးတော့ ဒါယနေ့ နိုင်ငံနှင့်အနှံ့ ကျွန်တော်တို့က သတ်မှတ်ထားတဲ့ ရင်စို့လုံးပတ်မပြည့်မီတဲ့ အနာဂတ်ချန်ပင်များအတွက် ချန်ထားသော်လည်း ဒီအပင်ငယ်များကို မတော်လောဘကို အကြောင်းပြုပြီးတော့ တရားမဝင်ခုတ်လှဲသယ်ဆောင် နေကြတာဆိုလို့ ရှိရင် ဒီနေ့ အထူးသဖြင့် ယခုအချိန်အခါကာလမှာ ကျွန်းတောင်မှအဲ့လောက်မဟုတ်တော့ပါဘူး။ တမလန်းနှင့် ပိတောက်များကို အထူးပဲ ဒါလုံးပတ်အင်မတန်မှ သေးငယ်သော အရွယ်အစားများကို ခုတ်လှဲပြီးတော့ တရားမဝင်ဆောင်ရွက်နေကြတာ နေရာအနှံ့တွေ့ရပါတယ်။ အထူးသဖြင့် စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) အစပ်ကြားဒေသများအတွင်း ထိုကိစ္စများကို အလွန်အကျွံဖြစ်နေတာကို ကျွန်တော်တို့တွေ့ရှိရပါတယ်။ ကျွန်တော်တို့ဝန်ကြီးဌာနအနေနဲ့လည်း မိမိတို့တတ်နိုင်သလောက် ဒီဘာမှလက်နက်များ တပ်ဆင်ထားခြင်းမရှိတဲ့ သစ်တောဝန်ထမ်းများလည်း ဒါအခုအတောအတွင်းမှာ သတင်းအချက်အလက်များကို လေ့လာ

ကြည့်မယ်ဆိုလို့ရှိရင် ဒီလိုတရားမဝင်တဲ့ဆောင်ရွက်မှုများကို အင်မတန်မှထည်းထည်းဝင်ဝင် ဆောင်ရွက်နေတဲ့သဘောကို တွေ့ရှိရမှာဖြစ်ပါတယ်။ ထို့ပြင် ဒါအထက်အကြီးအကဲများထံ တင်ပြပြီး တော့ ဒီရဲတပ်ဖွဲ့ရဲ့ အကူအညီများကိုလည်း ရယူပြီးတော့ ကျွန်တော်တို့ ဆောင်ရွက်လျက်ရှိပါတယ်။ တစ်ဖက်တစ်လမ်းက တပ်မတော်နဲ့ပူပေါင်းဆောင်ရွက်ရမယ့် အနေအထားများကိုလည်းပဲ နိုင်ငံတော် သမ္မတရုံးမှတစ်ဆင့် ဒါကာကွယ်ရေးဝန်ကြီးဌာနနဲ့ ညှိနှိုင်းပြီးတော့ ဆက်စပ်ဆောင်ရွက်လျက်ရှိ ပါတယ်။ ဒီနေ့အများအစား ဒီလိုကိစ္စမျိုးကို ကျွန်တော်တို့ ဖော်ထုတ်ဆောင်ရွက်နိုင်နေတာကို ကျွန်တော်တို့တွေ့ရပါတယ်။ အလားတူပဲ ခုနကတင်ပြပါ တိုင်းဒေသကြီးများတင်မက ဒီကယား ပြည်နယ်၊ လွိုင်ကော်မြို့နယ်မှာဆိုရင်လည်း ဒါပြီးခဲ့တဲ့ ရက်သတ္တတစ်ပတ်အတွင်းမှာ မြို့ပေါ်မှာရှိတဲ့ အဖွဲ့အစည်းများရဲ့ ခြံဝင်းများအတွင်းမှာ သတင်းအရ စနစ်တကျပေ့ါလေ ထပ်မံပြီးတော့လည်း ပြဿနာတစ်စုံတစ်ရာမဖြစ်ပွားအောင် စနစ်တကျစိတ်ရှည်လက်ရှည်နဲ့ ဒါပြည်နယ်မှာရှိတဲ့အုပ်ချုပ်ရေး အဖွဲ့အစည်းများကိုတင်ပြပြီးတော့ ကျွန်တော်တို့ ဌာနနဲ့ပူးပေါင်းဆောင်ရွက်ပြီးတော့မဖြစ်မနေပေ့ါ ခြံစည်းရိုးများကို ဖွင့်ခွင့်တောင်းပြီးတော့ ရှာလိုက်တဲ့အခါမှာ မြို့ပေါ်မှာတင်ကို အလားတူ ပိတောက်၊ တမလန်း၊ ဒိုက်ရွှေ့တုံးများကို တန် ၄၀၀ ကျော် ဒါမြို့ပေါ်မှာတင်ပဲ မအေးချမ်းတဲ့နေရာတွေမှာ သွားလာလို့အခက်အခဲ အသင့်အတင့်ရှိနေသေးတဲ့ နေရာတွေမှာ ဒါမပါသေးပါဘူး။ လွိုင်ကော်မြို့ပေါ် စည်ပင်သာယာနယ် နိမိတ်အတွင်းမှာပင် ဒီလိုဖြစ်ပါတယ်။ တင်ပြချင်တဲ့သဘောကတော့ဖြင့် ကျွန်တော်တို့တွေသည် ခုနက ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးစိုးရိမ်တဲ့အတိုင်းပဲ ကျွန်တော်တို့ ဝန်ကြီးဌာနကလည်း အလွန်စိုးရိမ်ပြီးတော့ တာဝန်လည်းရှိတယ်လို့ခံယူပြီးတော့ ကျွန်တော်တို့ အပြည့် အဝပေ့ါလေ ဒါကို ကာကွယ်တားဆီးပြီးတော့ ဆောင်ရွက်ဖို့ကြိုးစားနေပါတယ်။ ကျွန်တော်တို့ ကြိုးစား အားထုတ်လျက်လည်းရှိပါတယ်ဆိုတဲ့အကြောင်းကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြန်လည်ပြီးတော့ တင်ပြလိုပါ တယ်။ မေးခွန်းများကို ဆက်လက်ပြီးတော့ ဖြေကြားသွားမှာဖြစ်ပါတယ်။ ပထမမေးခွန်းကတော့ ကလေးဝမြို့နယ်နှင့် ထိစပ်လျက်ရှိသော သစ်တောကြိုးဝိုင်းများမှာ သစ်တောကြိုးဝိုင်းအလိုက် တရားဝင်ထုတ်ယူပြီးသော သစ်တန်အရေအတွက်၊ တရားမဝင်ဖမ်းဆီးရမိသော သစ်တန်အရေ အတွက်၊ ပိုင်ရှင်မဲ့ဖမ်းဆီးသစ်များအား ပြန်လည်ရောင်းချခဲ့သော ပုဂ္ဂိုလ်အမည်၊ အဖွဲ့အစည်းအမည် များ၊ အရေအတွက်နှင့် တန်ဖိုးများကို သိပါသလားဆိုသည့် မေးခွန်းဖြစ်ပါတယ်။ ဒုတိယမေးခွန်းဖြစ်တဲ့ ယခင်ကတင်ပြခဲ့သော ရေဦး-ကလေးဝလမ်းနှင့် ခေါင်နန်းကျေးရွာအုပ်စုဆက်သွယ်သောလမ်းအတွက် ရန်ပုံငွေချထားပေးမှုမရှိသော်လည်း မဟာမြိုင်သစ်တောအတွင်း တရားဝင်၊ တရားမဝင်သစ်ထုတ်လုပ် သောကားလမ်းများ ပြည့်နှက်နေသည်ကိုသိပါသလား။ သက်ရှိသယံဇာတများ ပျက်သုဉ်းနေသည်ကို

သိပါသလားဆိုသည့် မေးခွန်းဖြစ်ပါတယ်။ မေးခွန်းနောက်တစ်ခုကတော့နေပြည်တော်ရှိ ပရဆေး ဥယျာဉ်ကဲ့သို့ သစ်တောကြိုးဝိုင်းများအတွင်း ပရဆေးစိုက်ခင်းကြီးများ ဖော်ထုတ်ရန်အစီအစဉ်ရှိ/မရှိ ဖြစ်ပါတယ်။ စတုတ္ထမေးခွန်းကတော့ နိုင်ငံခြားသို့ သစ်အလုံးလိုက်ရောင်းချမှုကိုပိတ်ပင်၍ အချော ထည်များသာ တင်ပို့ရောင်းချမည့် သစ်တောကြိုးဝိုင်းများအတွင်းတွင် အချောထည်စက်ရုံများ တည်ဆောက်ပါက နှစ်စဉ်ပြင်ဆင်နေရသော လမ်းများပျက်စီးမှုမှ ကာကွယ်ရာရောက်ပြီး ဒေသခံတို့ အတွက် လုပ်ငန်းများပေါ်ပေါက်စေ မည့်အစီအစဉ်ရှိပါသလား။ နံပါတ်(၅) မေးခွန်းကတော့ သစ်တော သယံဇာတများ ကာကွယ်ထိန်းသိမ်းရန် အဓိကတာဝန်ရှိသော ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာနအောက်ရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနများမှ ပိုင်ရှင်မဲ့သစ်များ ဖမ်းဆီးမှုမရှိခင် ကြိုတင်သိရှိခြင်း၊ ကြိုတင်ကာကွယ် ခြင်းများ ဆောင်ရွက်မှုအားနည်းခြင်းရှိ/မရှိ။ မေးခွန်းနံပါတ်(၆) သဘာဝသစ်တော ကာကွယ် စောင့်ရှောက်ရေး ထိရောက်မှုရှိစေရန် ဝန်ထမ်းများတိုးချဲ့ခန့်ထားရန် အစီအစဉ်ရှိ/မရှိနှင့် နံပါတ်(၇) သဘာဝသစ်တောများ ထိရောက်စွာ ကာကွယ်စောင့်ရှောက်ခြင်းအတွက် သက်ဆိုင်ရာဌာနများသို့ ဆုပေး/ဒဏ်ပေးစနစ်ကျင့်သုံးရန်အစီအစဉ်ရှိ/မရှိ မေးခွန်းများပဲဖြစ်ပါတယ်။

အဆင့်တိုင်းပြန်လည်၍ ဖြေကြားသွားမှာဖြစ်ပါတယ်။ သစ်ထုတ်လုပ်မှုနှင့်ပတ်သက်၍ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အထိ ကလေးဝမြို့နယ်အတွင်းနှင့် မြို့နယ်နှင့်ထိစပ် လျက်ရှိသော ကြိုးဝိုင်းများဖြစ်သည့် ပလ္လင်ကြိုးဝိုင်းမှ ကျွန်းသစ် ၇၁၆ တန်နှင့် သစ်မာ ၁၆၅၁ တန်၊ ရွှေကျင်ကြိုးဝိုင်းမှ သစ်မာ ၈၁၄၈ တန်၊ ဖုန်းသုန်းကြိုးဝိုင်းမှ ကျွန်း ၃၁၂၅ တန်နှင့် သစ်မာ ၂၁၂၈၆ တန်၊ မဟာမြိုင်ကြိုးဝိုင်းမှ သစ်မာ ၄၅၀ တန်၊ မထုကြိုးဝိုင်းမှ ကျွန်း ၁၂၁၈ တန်နှင့် သစ်မာ ၅၄၅၇၂ တန်၊ မန်ဖာကြိုးဝိုင်းမှ သစ်မာ ၅၈၃၀ တန်၊ မော်တုန်ကြီးကြိုးဝိုင်းမှ ကျွန်းသစ် ၁၀၄၂ တန်နှင့် သစ်မာ ၇၂၆၀ တန်၊ စုစုပေါင်း ကျွန်းသစ် ၆၁၀၁ တန်နှင့် သစ်မာ ၉၉၁၉၇ တန်ကို ထုတ်လုပ်ခဲ့ပါတယ်။ တရား မဝင်သစ်များ ဖမ်းဆီးရမိမှုနှင့်ပတ်သက်၍ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာ နှစ်အထိ ကလေးဝမြို့နယ်အတွင်းတွင် ကျွန်းသစ်လုံး ၂၁၈ တန်၊ ကျွန်းခွဲသား ၇၂ တန်၊ သစ်မာသစ်လုံး ၈၈ တန်၊ သစ်မာသစ်ခွဲ ၅၀၆ တန်၊ အခြားသားသစ်လုံး ၁၆၅ တန်နှင့် အခြားသားခွဲသား ၁၅၁ တန် စုစုပေါင်း ကျွန်း၊ သစ်မာနှင့် အခြားသားစုစုပေါင်း ၁၂၀၀ တန်ဖမ်းဆီးရမိခဲ့ပါတယ်။ ဖမ်းဆီးရမိသည့်သစ်များ အား မုံရွာခရိုင်၊ ဆားလင်းကြီးမြို့နယ်၊ လက်ပံတောင်းတောင်ကြေးနီစီမံကိန်း ဧရိယာရှိ ရွာသစ် ၄ ရွာအတွက် အိမ်များဆောက်လုပ်ရန်၊ ကန့်ဘလူမြို့ရှိ ကုတင် ၁၀၀ ပြည်သူ့ဆေးရုံနှင့် အများပြည်သူ

သုံးအတွက် စုစုပေါင်းတန်ဖိုးအားဖြင့် ၃၂၀၇၃၁၀၀ ကျပ် တန်ဖိုးရှိတဲ့သစ်မာ ၁၉၂ တန်နှင့် အခြားသား ၁၂၁ တန်ကို ရောင်းချပေးခဲ့ပါတယ်။ ဖမ်းဆီးရမိသစ်များမှ ရောင်းတန်းဝင်သစ်များကို သစ်တောဦးစီး ဌာနမှ မြန်မာ့သစ်လုပ်ငန်းသို့လွှဲပြောင်းပေးပြီးတော့ ထုခွဲရောင်းချရပါတယ်။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် မှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အတွင်း ကလေးဝဒေသမှ ဖမ်းဆီးရမိသောကျွန်းသစ် ၇၀၄ တန်ကျော် လွှဲပြောင်းပေးအပ်နိုင်ခဲ့ပါတယ်။ အဆိုပါ ဖမ်းဆီးရမိသစ်များအနက်မှ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အတွင်း မြန်မာကျပ်ငွေ ၁၇၃၅.၉၅၆ သန်းခန့်တန်ဖိုးရှိသည့် သစ် ၄၈၂ တန်ကျော်နှင့် အမေရိကန်ဒေါ်လာ ၂၁၈၁၅၄.၀၇၄ တန်ဖိုးရှိသည့် သစ် ၂၂၂ တန်ကျော်တို့ကို အိတ်ဖွင့်လေလံစနစ်ဖြင့် ရောင်းချနိုင်ခဲ့ပါကြောင်း တင်ပြအပ်ပါတယ်။

ကလေးဝမြို့နယ် မဟာမြိုင်တောအတွင်း အမာခံလမ်းအနေဖြင့် ၂၇ မိုင်ရှိသည့် ကလေးဝ-မဟာမြိုင်-ရေဦး မြေသား/ကျောက်ကြမ်းလမ်းနှင့် ၁၄ မိုင်ရှိသည့် သက္ကယ်ကျင်း-မော်လိုက်-ခန္တီးမြေသားလမ်းတို့ရှိပြီး အဆိုပါ ပင်မလမ်းနှစ်ခုနှင့် သစ်ထုတ်ခွင့်ရကြိုးဝိုင်းများနှင့် ချင်းတွင်းမြစ်ဘေးရှိ မောက္ကတော် သစ်ဆိပ်တို့အကြားတွင် မြန်မာ့သစ်လုပ်ငန်းမှ သစ်ထုတ်ရာသီတွင်သစ်များ သစ်တိုက် သယ်ယူနိုင်ရန်အတွက် အရှည်မိုင် ၄၀မှ ၆၀ အတွင်းရှိသော မြေသားလမ်းများကို ဖောက်လုပ်ခဲ့ပါ တယ်။ ယင်းသို့သစ်တိုက်လမ်းများ ဖောက်လုပ်ရာတွင် သဘာဝပတ်ဝန်းကျင်ထိခိုက်မှု အနည်းဆုံးဖြစ် အောင်ဖောက်လျက်ရှိပါတယ်။ အဆိုပါလမ်းများ၏ အချက်အခြာကျသောနေရာများတွင် သစ်တော စစ်ဆေးရေး ကင်းစခန်းများထားရှိပြီး ကာကွယ်စောင့်ရှောက်လျက်ရှိပါတယ်။ သစ်တိုက်လမ်းများကို သစ်ခိုးသူများ အသုံးမပြုနိုင်စေရန်အတွက် သစ်ထုတ်ရာသီပြီးလျှင်ပြီးချင်း ယာယီတံတားများကို ဖျက်ဆီးရပါတယ်။ ဒါ့အပြင် သစ်ထုတ်လမ်းများ၊ ပင်မလမ်းများကို သစ်တောဦးစီးဌာန ဝန်ထမ်းများက ရှောင်တခင်စစ်ဆေးခြင်း၊ ပုံမှန်စစ်ဆေးခြင်းနည်းလမ်းများဖြင့် ကာကွယ်စောင့်ရှောက်လျက်ရှိပါ ကြောင်း ပြန်လည်တင်ပြအပ်ပါတယ်။ နေပြည်တော်ရှိ အမျိုးသားပရဆေးဥယျာဉ်ကြီးမှာ အထူးစီမံ ကိန်းတစ်ခုဖြစ်ပါတယ်။ ကျန်းမာရေးဝန်ကြီးဌာန၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနတို့ နှင့်အတူ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနတို့မှပူးပေါင်း၍ အကောင် အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါတယ်။ သစ်တောကြိုးဝိုင်းများအတွင်း ပရဆေးစိုက်ခင်းကြီးများ တည်ထောင်ရန်မှာ လိုအပ်သောပရဆေးပင်များ စုဆောင်းရရှိရန်နှင့် ပရဆေးပင်စိုက်ပျိုးပြုစုရန် ပညာရှင်လုံလောက်မှုမရှိခြင်း၊ ရေရှည်ထိန်းသိမ်းစောင့်ရှောက်ရန် မလွယ်ကူခြင်းတို့ကြောင့်ဆောင် ရွက်ပေးရန် အစီအစဉ်မရှိသေးပါကြောင်း ပြန်လည်တင်ပြအပ်ပါတယ်။ ပတ်ဝန်းကျင်ထိန်းသိမ်းရေး

နှင့် သစ်တောရေးရာဝန်ကြီးဌာနအနေဖြင့် သစ်အချောထည်စက်ရုံများကို စက်မှုဇုန်များ၊ စည်ပင်သာယာရေးနယ်နိမိတ်များအတွင်းတွင် သစ်တောဝန်ထမ်းများ အချိန်မရွေးအလွယ်တကူ ဝင်ရောက်စစ်ဆေးနိုင်သည့်ဒေသများတွင်သာ တည်ထောင်လုပ်ကိုင်ခွင့်ပြုထားပါတယ်။ သစ်တောကြိုးဝိုင်းများအတွင်းတွင် သစ်အချောထည် သစ်စက်များတည်ထောင်လုပ်ကိုင်ခွင့်ပြုပါက ထိန်းချုပ်ရန်ခက်ခဲပြီး မလိုလားအပ်သောကိစ္စရပ်များ ပေါ်ပေါက်နိုင်ခြင်းကြောင့် လတ်တလောအခြေအနေတွင် သစ်တောကြိုးဝိုင်းများအတွင်း သစ်အချောထည်သစ်ရုံများ တည်ထောင်လုပ်ကိုင်ခြင်းကို ခွင့်မပြုပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။

သစ်တောသယံဇာတများ ထိန်းသိမ်းကာကွယ်စောင့်ရှောက်နိုင်ရေးအတွက် သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်သစ်တောဦးစီးဌာနများအနေဖြင့် သတင်းပေးအမာခံများမွေးမြူ၍ သစ်ခိုးမှု သတင်းများစုဆောင်းရယူခြင်း၊ နယ်မြေအတွင်း သတင်းထောက်လှမ်းခြင်း၊ ဆက်စပ်အဖွဲ့အစည်းများမှ သတင်းရယူခြင်းနှင့် အထက်ဌာနမှချပြလာသောသတင်းများနှင့် တိုင်ကြားလာမှုတို့မှ သတင်းအချက်အလက်များရရှိခြင်းတို့ကိုအခြေခံ၍ သစ်တောကြိုးဝိုင်းများအတွင်း မခုတ်လှဲမီကြိုတင်ကာကွယ်ခြင်း၊ စုပုံနေစဉ် ဖော်ထုတ်ဖမ်းဆီးခြင်းနှင့် သစ်ခိုးထုတ်သယ်ယူနေစဉ် ပိတ်ဆို့ဖမ်းဆီးခြင်းတို့ကို စိစစ်ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် စုဆောင်းရရှိသော သတင်းအချက်အလက်များအရ နယ်မြေလုံခြုံရေးအခြေအနေပေါ်မူတည်ပြီး သစ်တောဝန်ထမ်းများမှလည်းကောင်း၊ သက်ဆိုင်ရာမြို့နယ်/ခရိုင်အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ လုံခြုံရေးအဖွဲ့များပါဝင်သည့် ပူးပေါင်းအဖွဲ့များမှလည်းကောင်း အချိန်နှင့်တစ်ပြေးညီ ဖော်ထုတ်ဖမ်းဆီးမှုများကိုစီမံချက်ချမှတ် ဆောင်ရွက်လျက်ရှိပါတယ်။ တရားမဝင်သစ်ထုတ်လုပ်သယ်ယူမှုများကို ကြိုတင်တားဆီးကာကွယ်သည့်အနေဖြင့် သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီး အစီအစဉ်နှင့် သစ်တောဦးစီးရုံးချုပ်၏စီမံမှုတို့ဖြင့် လစဉ်စစ်ကြောင်းများအသွင်ဖြင့် စီမံချက်များရေးဆွဲပြီး တာဝန်ခံညွှန်ကြားရေးမှူးများ လ/ထညွှန်ကြားရေးမှူးများကိုယ်တိုင်ဦးဆောင်၍ သဘာဝတောအခြေအနေနှင့် သစ်ခိုးယူမှုအများဆုံးဖြစ်ပွားသည့် နေရာများကို စိစစ်ရွေးချယ်ပြီးတော့ ကွင်းနင်းစစ်ဆေးဖမ်းဆီးမှုများ ပုံမှန်ဆောင်ရွက်လျက်ရှိပါကြောင်း ပြန်လည်တင်ပြအပ်ပါတယ်။ ထို့အပြင် သဘာဝသစ်တောများ ကာကွယ်စောင့်ရှောက်ခြင်းနှင့် တရားမဝင်သစ်ထုတ်ယူမှုများကို တားဆီးနှိမ်နင်းခြင်းတို့ကို အင်အားတိုးမြှင့်ဆောင်ရွက်နိုင်စေရန် အတွက် ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့်ပူးပေါင်း၍ သစ်တောလုံခြုံရေးရဲတပ်ဖွဲ့ကို ရဲမှူးကြီးတစ်ဦး ဦးဆောင်လျက် ရဲတပ်သားအင်အား ၃၀၀ ခန့်ဖြင့် အသစ်ပြန်လည်ပြင်ဆင်စုဖွဲ့ လေ့ကျင့်

ပေးထားပြီးဖြစ်ပါတယ်။ ယခုအခါ မိုးမိတ်၊ မဘိမ်းမြို့နယ်များအတွင်းတစ်ဖက်နိုင်ငံနယ်စပ်သို့ သစ်ခိုးရောင်းနေသည့် လမ်းကြောင်းများတွင် ပိတ်ဆို့ဖမ်းဆီးရေးလုပ်ငန်းများကို စီမံချက်ချဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။

သဘာဝသစ်တောများကို ထိရောက်စွာကာကွယ်စောင့်ရှောက်နိုင်ရန်အတွက် တရားမဝင်သစ်ဖမ်းဆီးရေးကို အရှိန်အဟုန်မြှင့်ဖမ်းဆီးဆောင်ရွက်လျက်ရှိပြီး တရားမဝင်သစ်ဖမ်းဆီးမှု ပိုမိုတက်ကြွစွာဆောင်ရွက်လာကြစေရေးအတွက် သတင်းပေးသူအား ဖမ်ဆီးသစ်တန်ဖိုး၏ ၁ဝ ရာခိုင်နှုန်းနှင့် ဖမ်းဆီးသည့်သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများအား ဖမ်းဆီးသစ်တန်ဖိုး၏ ၁ဝ ရာခိုင်နှုန်းကို အသီးသီးဆုကြေးငွေများ ချီးမြှင့်ပေးလျက်ရှိပါတယ်။ ၂ဝ၁၁-၂ဝ၁၂ ဘဏ္ဍာနှစ်မှ ၂ဝ၁၂-၂ဝ၁၃ ဘဏ္ဍာနှစ်အထိ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ သစ်တောဝန်ထမ်းများအား ၉၅၆၉၂၈ဝဝ ကျပ်ကိုလည်းကောင်း၊ အထူးအရာရှိများအား ၇၁၂၇ဝဝဝ ကျပ်ကိုလည်းကောင်း၊ တပ်မတော်သားများအား ၅၂၆၄ဝဝ ကျပ်နှင့်ရဲတပ်ဖွဲ့ဝင်များအား ၈၅၅၉ဝဝဝ ကျပ် တို့ကိုဆုကြေးများအဖြစ် အသီးသီးချီးမြှင့်ထုတ်ပေးခဲ့ပြီးဖြစ်ပါတယ်။ ကလေးဝမြို့နယ်ရှိ သစ်တောဝန်ထမ်းများအား ၆၉၅၂ဝ၁ဝ ကျပ်ကိုလည်း ဆုကြေးငွေအဖြစ် ချီးမြှင့်ပေးခဲ့ပြီးဖြစ်ကြောင်းတင်ပြအပ်ပါတယ်။ ထို့အပြင် တရားမဝင် သစ်ထုတ်လုပ်ယူမှုများတွင်ပါဝင်ပတ်သက်သော သစ်တောဝန်ထမ်းများကိုလည်းပဲ တစ်ဖက်မှထိရောက်စွာအရေးယူဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။ သို့ဖြစ်ပါ၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနအနေဖြင့် သစ်တောမူဝါဒပါပြဋ္ဌာန်းချက်များနှင့်အညီ သစ်တောသဘာဝသယံဇာတများထာဝစဉ်တည်တံ့စေရေးအတွက် သဘာဝသစ်တောများမှ နှစ်စဉ်ထုတ်လုပ်ပေးနိုင်သည့် သစ်ပမာဏကိုစနစ်တကျတွက်ချက်ပြီး ထုတ်လုပ်လျက်ရှိသည့်နည်းတူ သဘာဝသစ်တောကြီးများအတွင်းရှိသစ်တောသယံဇာတများ ထိန်းသိမ်းကာကွယ်နိုင်ရေးအတွက်လည်း ကြိုတင်၍ ကာကွယ်ရေးအစီအမံများချမှတ်ဆောင်ရွက်ခြင်း၊ အရေးယူဆောင်ရွက်ခြင်း၊ တရားဥပဒေသက်ရောက်မှု အားကောင်းလာစေရန်ဆောင်ရွက်ခြင်း၊ ဝန်ထမ်းများ စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်း၊ မက်လုံးပေးခြင်းစသည့် နည်းလမ်းပေါင်းစုံဖြင့် အစွမ်းကုန်ကြိုးပမ်းအားထုတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဆက်လက်၍ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်၍ရှင်းလင်းတင်ပြအပ်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဒီနေ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် နှစ်ဦးက သစ်တောရေးရာဝန်ကြီးဌာနနှင့် သက်ဆိုင်တဲ့မေးခွန်းနှစ်ခု မေးခဲ့ပါတယ်။ မေးခွန်းများကလည်း အများပြည်သူစိတ်ဝင်စားပြီးတော့ နိုင်ငံအတွက် အဓိကလိုအပ်တဲ့လိုအပ်ချက်များဖြစ်ပါတယ်။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးက

လည်း မေးမြန်းချက်အပေါ် စိတ်ရှည်လက်ရှည်နဲ့ ပြန်လည်ဖြေကြားသွားတာတွေ့ရပါတယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးသိမ်း တင်ပြသလိုပဲ မြန်မာနိုင်ငံဟာ သစ်တောနဲ့ပတ်သက်လို့ မည်မျှအထိ အရေးပါအရာရောက်ခဲ့တယ်။ နောက်ဆုံး အင်္ဂလိပ်-မြန်မာစစ်ပွဲဖြစ်ရခြင်းကလည်း သစ်တောကိစ္စနှင့်ပတ်သက်တယ်ဆိုတာလည်း ဒါမှန်ကန်စွာတွေ့ရှိရမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အခုမေးမြန်းသူ၊ ပြန်လည်ဖြေကြားသူဝန်ကြီးများတွင်သာမကဘဲနဲ့ လွှတ်တော်ကိုယ်စားလှယ်များ၊ သက်ဆိုင်ရာပြည်ထောင်စုအစိုးရအုပ်ချုပ်ရေးအဖွဲ့မှာ တာဝန်ရှိသူများ၊ ပြည်သူများပါ အားလုံးပူးပေါင်းပါဝင်ဆောင်ရွက်မှသာ ဒီကိစ္စဟာ အောင်မြင်အဆင်ပြေနိုင်မယ့်ကိစ္စဖြစ်တဲ့အတွက် လွှတ်တော်ကတစ်ဆင့်အများပြည်သူကိုလည်း ပါဝင်ပူးပေါင်းနိုင်ဖို့အတွက် တိုက်တွန်းလိုပါတယ်။ ထိုနည်းစွာပဲ ဒီနေ့ မေးခွန်းများမေးမြန်းဖို့၊ ဖြေဆိုဖို့အချိန် တစ်နာရီပြည့်သွားတဲ့အတွက် Agenda မှာပါတဲ့ အခြားမေးခွန်းများကိုဆက်လက်မေး မှာမဟုတ်တော့ဘဲနဲ့ ကျန်တဲ့အစီအစဉ်များ ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်တာလည်း ပြီးခဲ့တဲ့ ပြည်ထောင်စုလွှတ်တော်အစည်းအဝေး နောက်ဆုံးနေ့မှာပြည်ထောင်စုလွှတ်တော်အစည်းအဝေးကို လာမယ့် ၁၉ ရက်နေ့မှာ ကျင်းပပြုလုပ်မယ်ဆိုပြီးတော့ကြေညာတင်ပြခဲ့တာရှိပါတယ်။ သို့ရာတွင် ရုံးပိတ်ရက်အတွင်းမှာပဲ နိုင်ငံတော်သမ္မတရုံးဌာနကနေပြီးတော့ လျှပ်စစ်မီတာခနဲ့ပတ်သက်ပြီးတော့ အရေးတကြီး စာရေးသားအကြောင်းကြားလာတဲ့အတွက်ဒီနေ့ နေ့လယ် ၁ နာရီခွဲမှာ ပြည်ထောင်စုလွှတ်တော် ဆက်လက်ကျင်းပမှာဖြစ်တဲ့အတွက် မေးခွန်းများဆက်လက်မမေးတော့ဘဲနဲ့ ကျန်တဲ့အပိုင်းပဲ ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

## ပြန်ကြားရေးဝန်ကြီးဌာနက အများပြည်သူဝန်ဆောင်မှုမီဒီယာဥပဒေကြမ်းကိုတင်သွင်းခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၇ ကိုဆက်လက်ဆောင်ရွက်ပါ့မယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ် ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၅ နည်းဥပဒေခွဲ(က)အရ ပြန်ကြားရေးဝန်ကြီးဌာနက အများပြည်သူဝန်ဆောင်မှုမီဒီယာဥပဒေကြမ်းကို တင်သွင်းရန်ဖြစ်၍ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးမှ အဆိုတင်သွင်းဖို့ဖိတ်ခေါ်ပါတယ်။

**မူကြမ်း**

**ဦးအောင်ကြည်(ပြည်ထောင်စုဝန်ကြီး၊ ပြန်ကြားရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်ဖြစ်ပါတယ်။ အများပြည်သူဝန်ဆောင်မှုမီဒီယာဥပဒေကြမ်းကို လွှတ်တော်က လက်ခံစဉ်းစားပေးဖို့အတွက် အဆိုတင်သွင်းသွားမှာဖြစ်ပါတယ်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တစ်ဝန်းလုံးမှာ စစ်မှန်သော စတုတ္ထမဏ္ဍိုင်ထွန်းကားလာစေဖို့အတွက်ဆိုလို့ရှိရင် မီဒီယာများဟာ အစိုးရရဲ့ လွှမ်းမိုးခြင်းမှသော်လည်းကောင်း၊ အင်အားကြီးမားသော ပုဂ္ဂလိကအကျိုးစီးပွားများရဲ့ စိုးမိုးခြယ်လှယ်ခြင်းမှသော်လည်းကောင်း အသေအချာကင်းလွတ်စေရမှာဖြစ်ပါတယ်။ ပုဂ္ဂိုလ်စွဲ၊ ဝါဒစွဲ ကိုယ်ပိုင်ခံစားချက်အစွဲအလမ်းနဲ့ အဂတိတရား ၄ ပါးမှ လည်းကင်းရှင်းဖို့လိုအပ်ပါတယ်။ ဒီလို လွတ်လပ်ပြီး အမှီအခိုကင်းတဲ့ မီဒီယာဖြစ်လာစေဖို့အတွက် နိုင်ငံပိုင်မီဒီယာအများစုကို အများပိုင် အများပြည်သူဝန်ဆောင်မှု မီဒီယာအဖြစ်ပြောင်းလဲသွားရန်လိုအပ်ပါကြောင်း ဦးစွာပထမတင်ပြလိုပါတယ်။ ဒီမိုကရေစီဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်တဲ့နေရာမှာ ယူနက်စကိုအဖွဲ့ဝင်နိုင်ငံတိုင်းဟာ လွတ်လပ်၍ အမှီခိုကင်းသော စာနယ်ဇင်းဗဟုဝါဒကို ထိန်းသိမ်းမြှင့်တင်ကြရမယ်ဆိုပြီးတော့ (၂၆)ကြိမ်မြောက် ယူနက်စကိုညီလာခံ ဝင်းဟုတ်ကြေညာစာတမ်းမှာ ၁၉၉၁ ခုနှစ်၊ မေလ ၃ ရက်နေ့က ထုတ်ပြန်ခဲ့ပါတယ်။ ၁၉၉၃ ခုနှစ် ကုလသမဂ္ဂအထွေထွေညီလာခံကြီးကလည်း ဒါကိုထပ်ဆင့်ထောက်ခံအတည်ပြုခဲ့တဲ့အပြင် အဲဒီ မေလ ၃ ရက်နေ့ကို ကမ္ဘာ့ စာနယ်ဇင်းလွတ်လပ်ခွင့်နေ့လို့ သတ်မှတ်ပေးခဲ့တာလည်း လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံး သိရှိကြပြီးဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ပြန်ကြားရေးဝန်ကြီးဌာနဟာ ၂၀၁၂ ခုနှစ် စက်တင်ဘာလကစတင်ပြီး နိုင်ငံပိုင်မီဒီယာများကို ဒီမိုကရေစီစနစ်နဲ့ လိုက်လျောညီထွေမှုရှိတဲ့ မီဒီယာများအဖြစ်ပြောင်းလဲဖို့အတွက် မီဒီယာပြုပြင်ပြောင်းလဲရေးစီမံချက်ကိုရေးဆွဲခဲ့ပါတယ်။ အဆိုပါ မီဒီယာပြုပြင်ပြောင်းလဲရေးစီမံချက်ကို ၇-၁၁-၂၀၁၁ ခုနှစ်မှာ ဇမ္ဗူသီရိဆောင်မီဒီယာခန်းမမှာ ပြည်သူ့လွှတ်တော် အားကစားယဉ်ကျေးမှုနှင့် ပြည်သူ့ဆက်ဆံရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီဥက္ကဋ္ဌ ခေါင်းဆောင်တဲ့ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်မှ လွှတ်တော်ရေးရာကော်မတီများမှ ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ၊ တာဝန်ရှိသူများကို ကျွန်တော်ကိုယ်တိုင်နှင့် ဒုတိယဝန်ကြီးများက ရှင်းလင်းတင်ပြခဲ့ပြီးလည်းဖြစ်ပါတယ်။ အဲဒီရှင်းလင်းတင်ပြချက်အပေါ် လွှတ်တော်ရေးရာကော်မတီများမှ တာဝန်ရှိသူများကလည်း ဝိုင်းဝန်းအကြံပေးဆွေးနွေးခဲ့ကြပြီးတော့

လက်ခံနိုင်တဲ့အတွက် အဲဒီစီမံချက်ကို အစိုးရအဖွဲ့အစည်းအဝေးမှာ (၄၁/၂၀၁၂) တွင် တင်ပြပြီး ခွင့်ပြုချက်ရယူခဲ့ပါတယ်။ အခု လွှတ်တော်သို့တင်သွင်းတဲ့ အများပြည်သူဝန်ဆောင်မှုမီဒီယာဥပဒေကြမ်းဟာ အထက်ကတင်ပြခဲ့တဲ့ မီဒီယာပြုပြင်ပြောင်းလဲရေးစီမံချက်အရ ပြုစုတင်ပြတဲ့ မူကြမ်းဖြစ်ပါကြောင်း တင်ပြလိုပါတယ်။ ဒီအများပြည်သူဝန်ဆောင်မှုမီဒီယာဥပဒေကြမ်းဟာ စာနယ်ဇင်းဗဟုဝါဒမူဘောင်အတွင်းက အမျိုးမျိုးအစားစား ကွဲပြားခြားနားစွာ ရပ်တည်ခွင့်ရှိခြင်းဆိုတဲ့ အခြေခံသဘောတရား Principle of Diversity နှင့်ကိုက်ညီစေဖို့အတွက် ယူနက်စကိုရဲ့ ကျွမ်းကျင်မှုအကူအညီကိုရယူပြီး ရေးသားတင်သွင်းထားခြင်းဖြစ်ပါကြောင်းလည်း တင်ပြလိုပါတယ်။ မြန်မာနိုင်ငံကဲ့သို့ တိုင်းရင်းသားလူမျိုးအများအပြား ဘာသာစကားနှင့် ရိုးရာဓလေ့ထုံးတမ်းအသီးသီးရှိနေကြတဲ့ လူ့အဖွဲ့အစည်းတစ်ရပ်မှာ လူမျိုးဘာသာ၊ နေထိုင်ရာဒေသ၊ ခရီးလမ်းပန်းအဆက်အသွယ်၊ ဆင်းရဲချမ်းသာမခွဲခြားဘဲ တိုင်းရင်းသားအများပြည်သူလူထုကြီးတစ်ရပ်လုံးဟာ နေ့စဉ်ကမ္ဘာပေါ်မှာ ဖြစ်ပျက်နေတဲ့ သတင်းအချက်အလက်များနှင့် အသိပညာများကို တန်းတူညီမျှရရှိခွင့်ရှိရမှာဖြစ်ပါတယ်။ အလားတူပဲ မြန်မာနိုင်ငံမှာ ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေးရေရှည် တည်တံ့ခိုင်မြဲစေဖို့အတွက်ဆိုရင် ပြည်သူလူထုရဲ့ အသိပညာဟာ ဖြစ်နိုင်သမျှ တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်နေရန်လည်း အရေးကြီးပါတယ်။ တိုင်းရင်းသားပြည်သူလူထုအသိပညာကွာဟချက်ကို ကျဉ်းမြောင်းနိုင်သမျှ ကျဉ်းမြောင်းသွားစေရန်ကိစ္စဟာ အကျိုးအမြတ်မယူ စီးပွားရေးမဆန်တဲ့ လူထုပညာပေးရေး ယန္တရားအဖြစ်နဲ့ အများပြည်သူဝန်ဆောင်မှုသတင်းစာများနှင့် ရုပ်သံထုတ်လွှင့်မှုမီဒီယာတို့ကသာ အထိရောက်ဆုံးဆောင်ရွက်နိုင်ပါကြောင်း တင်ပြလိုပါတယ်။ အနာဂတ်မျိုးဆက်များအတွက် ဒီလောက်အရေးကြီးတဲ့ လုပ်ငန်းတာဝန်ကြီးဟာ ဘယ်လိုနည်းနဲ့မျှ စီးပွားရေးအရ တွက်ချေမကိုက်နိုင်တဲ့အတွက် အခြားမီဒီယာများက ကျေနပ်လောက်ဖွယ် ဖြည့်ဆည်းပေးနိုင်စွမ်း ရှိကြမယ်မဟုတ်ပါဘူး။ ယနေ့ မြန်မာနိုင်ငံမှာ စုစုပေါင်း သတင်းစာစောင်ရေ ခြောက်သိန်းကျော်ခန့်သာ ထုတ်ဝေနိုင်ပါသေးတယ်။ သတင်းစာတစ်စောင်ကို လူ ၁၀ ယောက်ဖတ်တယ်လို့ ယူဆပြီးတော့ တွက်ချက်လျှင်ပင် အသက် ၁၀ နှစ်နှင့်အထက် သတင်းစာဖတ်နိုင်တဲ့ လူဦးရေ ၄၉ သန်းမှာ ၄၃ သန်းခန့်ဟာ သတင်းစာလုံးဝဖတ်ခွင့်မရဘဲ ဖြစ်နေတာကိုလည်း ကျွန်တော်တို့ သတိပြုကြဖို့လိုအပ်ပါတယ်။ အများစုဟာ ကျေးလက်ဒေသနှင့်ဝေးလံတဲ့ဒေသတွေမှာ နေထိုင်နေကြသူများနှင့် နေ့စဉ်သတင်းစာကိုပင် ဝယ်မဖတ်နိုင်လောက်အောင် ဆင်းရဲနွမ်းပါးနေသူများဖြစ်ကြပါတယ်။ ဈေးကွက်ကိုသာရှေးရှုတဲ့ ပုဂ္ဂလိကသတင်းစာများရောက်ရှိရန် ခဲယဉ်းတဲ့ ဒီဟာကွက်ကြီးကို အကျိုးအမြတ်မယူ စီးပွားဖြစ်မဟုတ်သော အများပြည်သူဝန်ဆောင်မှုမီဒီယာကသာ အမြန်ဆုံးဖြည့်ဆည်းပေးဖို့လိုအပ်နေပါတယ်။ ယခုအခါ သတင်းဆက်သွယ်ရေး နည်းပညာဖွံ့ဖြိုး

တိုးတက်လာမှုတွေကြောင့် ဖွံ့ဖြိုးပြီးနိုင်ငံများမှာ သတင်းစာလုပ်ငန်းများ ကျဆင်းလျက်ရှိနေသော်လည်းပဲ မြန်မာနိုင်ငံအပါအဝင် အရှေ့တောင်အာရှ နိုင်ငံတချို့မှာ အနည်းဆုံး နောင် ၁၀ စုနှစ် တစ်ခုခန့်အထိ သတင်းစာလုပ်ငန်းများ ဆက်လက်ဖွံ့ဖြိုး တိုးတက်နေမယ်လို့ယုံကြည်ရပါတယ်။ အများပြည်သူဝန်ဆောင်မှု မီဒီယာကတစ်ဆင့် လူထုပညာပေးရေးလုပ်ငန်းများကိုလည်းပဲ တာဝန်ပေးအပ်သွားနိုင်ပါကြောင်း တင်ပြလိုပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်များခင်ဗျား။ မီဒီယာဗဟုဝါဒဟာ ဒီမိုကရေစီအုပ်ချုပ်ရေးစနစ်ရဲ့အောက်မှာ ကျင့်သုံးဖို့အတွက် ကမ္ဘာကလက်ခံထားတဲ့ မီဒီယာဆိုင်ရာစံတစ်ခုဖြစ်ပါတယ်။ မီဒီယာဗဟုဝါဒမရှိရင် ပြည်သူလူထုဟာ ရွေးချယ်ပိုင်ခွင့်မရှိတဲ့အတွက် လွတ်လပ်စွာထုတ်ဖော်ပြောကြားခွင့်နှင့် လွတ်လပ်စွာသိရှိပိုင်ခွင့်တို့ဟာ နည်းမှန်လမ်းမှန် ရှင်သန်နိုင်မှာမဟုတ်ပါဘူး။ ဒါကြောင့် ဒီမိုကရေစီရေရှည်ရှင်သန်အောင်ထိန်းသိမ်းနိုင်ဖို့အတွက် အဖွဲ့ဝင်နိုင်ငံတိုင်းမှာလွတ်လပ်၍ အမှီအခိုကင်းသော မီဒီယာဗဟုဝါဒရှိရမယ်လို့ ဥရောပသမဂ္ဂမှာ အတိအကျပြဋ္ဌာန်းထားတာကိုလည်း ကျွန်တော်တို့ ထည့်သွင်းစဉ်းစားသင့်ပါတယ်။ အများပြည်သူဝန်ဆောင်မှုမီဒီယာဥပဒေကြမ်းကို လွှတ်တော်ကသာ လက်ခံစဉ်းစားပြီး အတည်ပြုပေးခဲ့မယ်ဆိုရင် မြန်မာနိုင်ငံရဲ့အနာဂတ်မီဒီယာအခင်းအကျင်းဟာ သတင်းစာများ၊ ရေဒီယိုများ၊ FM နှင့် ရုပ်သံထုတ်လွှင့်မှုအပိုင်းတွေအားလုံးဟာ အများပြည်သူဝန်ဆောင်မှုပိုင်၊ ပုဂ္ဂလိကပိုင်၊ ဖက်စပ်ပိုင်၊ အစိုးရဌာနပိုင်၊ စီးပွားဖြစ်မဟုတ်သော အဖွဲ့အစည်းပိုင်၊ အခမဲ့ဝန်ဆောင်မှုပေးခြင်း၊ တိုင်းရင်းသားနှင့် ဒေသန္တရအစုအဖွဲ့ပိုင်အစရှိသဖြင့် ဗဟုမီဒီယာပုံစံ လုံးဝပေါ်ပေါက်လာမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ အများပြည်သူဝန်ဆောင်မှုမီဒီယာဆိုသည်မှာ အများပြည်သူအကျိုးစီးပွားအတွက် အများပြည်သူက ဘဏ္ဍာငွေထောက်ပံ့ပေးပြီး အများပြည်သူက ထိန်းကျောင်းဆောင်ရွက်သော မီဒီယာလို့ ယူနက်စကိုကအဓိပ္ပာယ်ဖွင့်ဆိုထားပါတယ်။ အများပြည်သူဝန်ဆောင်မှုမီဒီယာအပေါ် စီးပွားရေးအရသော်လည်းကောင်း၊ နိုင်ငံရေးအရသော်လည်းကောင်း ဝင်ရောက်စွက်ဖက်ခြင်းမှ ကင်းလွတ်စေရမှာလည်းဖြစ်ပါတယ်။ ဒ့ါအပြင် ဒီမိုကရေစီအုပ်ချုပ်ရေးစနစ်ကိုကျင့်သုံးတဲ့ နိုင်ငံတွေမှာ အများပြည်သူကောင်းကျိုးချမ်းသာအတွက် ထောက်ပံ့ပေးရတဲ့ နိုင်ငံတော်ရဲ့ ဝတ္တရားရှိမှု (Government's Provision for Public Good) ကို အသေအချာလိုက်နာကြရပါတယ်။ အများပြည်သူအကျိုးစီးပွားအတွက် သတင်းအချက်အလက်နှင့် အသိပညာပေးခြင်းလုပ်ငန်းဟာ လူထုရဲ့ ပညာရေး၊ ကျန်းမာရေးလုပ်ငန်း

တို့ကဲ့သို့ပဲတန်းတူ သဘောထားထောက်ပံ့ပေးသင့်တဲ့ လုပ်ငန်းတစ်ရပ်ဖြစ်ပါတယ်ဆိုတဲ့အကြောင်း တင်ပြရင်းနဲ့ ပြန်ကြားရေးဝန်ကြီးဌာနမှတင်သွင်းတဲ့ အများပြည်သူဝန်ဆောင်မှုမီဒီယာဥပဒေကြမ်းကို လွှတ်တော်ကလက်ခံစဉ်းစားဆွေးနွေးပေးပါရန်လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အများပြည်သူ ဝန်ဆောင်မှုမီဒီယာ ဥပဒေကြမ်းနှင့်စပ်လျဥ်းပြီး ဆက်လက်ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာကော်မတီနှင့် ဥပဒေကြမ်း ကော်မတီသို့ လွှဲအပ်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တစ်ဆက်တည်းတင်ပြဆွေးနွေးလိုတာ ရှိပါတယ်။ ဒါကတော့ နိုင်ငံတော်သမ္မတရုံးက ၁၃-၃-၂၀၁၄ ရက်စွဲပါစာအမှတ်၊ ၁၀၇(၁/၈) သမ္မတ ရုံးဖြင့် လွှတ်တော်ဥက္ကဋ္ဌ လွှတ်တော်နာယကထံ စာတစ်စောင်ရောက်ရှိပါတယ်။ ဒီစာကိုရည်ညွှန်း ပြီးတော့ ဒီနေ့ နိုင်ငံတော်သမ္မတထံ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ အကြောင်းပြန်ကြားချက်ကို ဂ၆/ပသ (စ၀)၁/၂၀၁၄-၀၁ ရက်စွဲ ၂၀၁၄ ခုနှစ်၊ မတ်လ ၁၇ ရက်နေ့ဖြင့် ပြန်ကြားထားပါတယ်။

အကြောင်းအရာ။ ။ **သဝဏ်လွှာပေးပို့ခြင်း။**

ရည်ညွှန်းချက် ။ ။ သမ္မတရုံး၏ ၁၃-၃-၂၀၁၄ ရက်စွဲပါစာအမှတ်၊ ၁၀၇(၁/၈)

၁။ ရည်ညွှန်းစာပါ အမျိုးသားပညာရေးဥပဒေကြမ်းကို ပြည်ထောင်စု လွှတ်တော်ရုံးက ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၈၀/နည်းဥပဒေခွဲ(က)အရ ၁၂-၃-၂၀၁၄ ရက်နေ့တွင် ပြည်သူ့လွှတ်တော်သို့ပေးပို့ခဲ့၍ လက်ခံရရှိခဲ့ပါတယ်။

၂။ ပြည်သူ့လွှတ်တော် ပညာရေးမြှင့်တင်မှုကော်မတီကလည်း စိတ်ဝင်စားသော လွှတ်တော် ကိုယ်စားလှယ်များ၊ ပြင်ပပညာရှင်များ၊ အဖွဲ့အစည်းများနှင့် ပညာရေးဝန်ကြီးဌာနတို့နှင့် အကြိမ်ကြိမ် ဆွေးနွေးပြီးနောက် ရေးဆွဲထားတဲ့ အမျိုးသားပညာရေးဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်သို့ ၁၀-၃-၂၀၁၄ ရက်နေ့တွင် ပေးပို့ခဲ့ပါတယ်။

၃။ ပြည်သူ့လွှတ်တော် ပညာရေးမြှင့်တင်မှုကော်မတီကပေးပို့သော အမျိုးသားပညာရေးဥပဒေ ကြမ်းနှင့် ပညာရေးဝန်ကြီးဌာနကပေးပို့သော အမျိုးသားပညာရေးဥပဒေကြမ်းကို ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး ၁၄-၃-၂၀၁၄ ရက်နေ့တွင် လွှတ်တော်သို့တင်သွင်းရာ လွှတ်တော်က ယင်းဥပဒေကြမ်းနှစ်ခုကို တစ်ပေါင်းတည်းဆွေးနွေးသွားရန် အတည်ပြုခဲ့ပြီးဖြစ်ကြောင်း

သိရှိနိုင်ပါရန် သဝဏ်လွှာပေးပို့ပါတယ်ဆိုပြီးတော့ ကျွန်တော်လက်မှတ်ရေးထိုးပြီး ပေးပို့မှာဖြစ်ပါတယ်။

ဒီဥပဒေကြမ်းကို နဝမပုံမှန်လွှတ်တော်အစည်းအဝေးမှာ ပြီးပြတ်သွားစေလိုပါတယ်။ လာမယ့် ကျောင်းရာသီ ဇွန်လမှာ ကျောင်းများပြန်ဖွင့်မှာဖြစ်ပါတယ်။ ဖြစ်နိုင်မယ်ဆိုရင်တော့ ဒီကျောင်းရာသီ မတိုင်မီ ဒီဥပဒေအတည်ပြုပြီးတော့ မြန်မာနိုင်ငံက ဒီပညာရေးဥပဒေကြမ်းအပေါ် လိုက်ပါဆောင်ရွက်ကြဖို့လည်းလိုမယ်လို့ ယူဆပါတယ်။ ဒါကြောင့် ပြီးခဲ့တဲ့ ၁၄-၃-၂၀၁၄ ရက်နေ့မှာ လွှတ်တော်ကို တင်ပြခဲ့တာရှိပါတယ်။ ဒါအားလုံး သိရှိသတိရနိုင်ဖို့အတွက် ကျွန်တော် ပြန်တင်ပြပါမယ်။ ကျွန်တော်က အစီအစဉ် ၆ မှာ အမျိုးသားပညာရေးဥပဒေကြမ်းကို ပြည်သူ့လွှတ်တော် ပညာရေးမြှင့်တင်မှုကော်မတီနဲ့ ပညာရေးဝန်ကြီးဌာနက တင်သွင်းဖို့အစီအစဉ်ပဲဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်ပြီးတော့ လွှတ်တော်ကိုယ်စားလှယ်နှင့် သက်ဆိုင်ရာကော်မတီ၊ သက်ဆိုင်ရာဝန်ကြီးဌာနကို အလျဉ်းသင့်လို့ တင်ပြအသိပေးရမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ပညာရေးမြှင့်တင်မှုကော်မတီက ဆွေးနွေးခဲ့တဲ့ အမျိုးသားပညာရေးဥပဒေကြမ်းကို လွှတ်တော်က ၁၀-၃-၂၀၁၄ ရက်နေ့မှာ ရရှိခဲ့ပါတယ်။ ၁၂-၃-၂၀၁၄ ရက်နေ့မှာ ကိုယ်စားလှယ်များထံဖြန့်ဝေထားခဲ့ပြီးလည်းဖြစ်ပါတယ်။ အလားတူ ပညာရေးဝန်ကြီးဌာနကရေးဆွဲတဲ့ ပညာရေးဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က စတင်ဆွေးနွေးရန် ပြည်ထောင်စုလွှတ်တော်ရုံးရဲ့ ၁၂-၃-၂၀၁၄ ရက်စွဲပါစာအမှတ်၊ ၁/ပထ(စည်းဝေး)၁၀/၂၀၁၄-၁၀၆ ဖြင့်ပေးပို့လာတဲ့အတွက် ဒီနေ့မှာပဲ လက်ခံရရှိခဲ့ပါတယ်။ ဒီနေ့မနက်မှာ ကိုယ်စားလှယ်များထံ ပညာရေးဝန်ကြီးဌာနရဲ့ ဥပဒေကြမ်းကိုဖြန့်ဝေထားပြီးဖြစ်ပါတယ်။ သမိုင်းကြောင်းကိုလေ့လာရင် ပညာရေးမြှင့်တင်မှုကော်မတီက ပညာရေးနှင့်စပ်လျဉ်းတဲ့ဥပဒေကြမ်း ၅ ခုဖြစ်တဲ့ ၂၀၁၂ ခုနှစ် စာစစ်အဖွဲ့ဥပဒေကြမ်း၊ ၂၀၁၂ ခုနှစ် မြန်မာစာအဖွဲ့ဥပဒေကြမ်း၊ ၂၀၁၂ ခုနှစ် တက္ကသိုလ်ပညာရေးဥပဒေကြမ်း၊ ၂၀၁၂ ခုနှစ် အခြေခံပညာရေးဥပဒေကြမ်း၊ ၂၀၁၂ ခုနှစ် ပညာရေးသုတေသနဥပဒေကြမ်းတို့ကို ရေးဆွဲပြီး ၂၀၁၂ ခုနှစ် မတ်လက ဒီလွှတ်တော်သို့တင်သွင်းခဲ့ပါတယ်။ ၂၀၁၂ ခုနှစ် မတ်လဆိုတဲ့ အတွက် ဒီနေ့ ၂၀၁၄ ခုနှစ် မတ်လဖြစ်တဲ့အတွက် နှစ်နှစ်ပြည့်ခဲ့ပြီးဖြစ်ပါတယ်။ စာစစ်အဖွဲ့ဥပဒေကြမ်းနှင့် အခြေခံပညာရေးဥပဒေကြမ်းနှစ်ခုဟာ ပြည်သူ့လွှတ်တော်မှာ ဆွေးနွေးပြင်ဆင်ချက်နဲ့ အတည်ပြုပြီး အမျိုးသားလွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။ အမျိုးသားလွှတ်တော်မှာ ဆွေးနွေးပြီးလို့ ပြင်ဆင်ချက်နှင့် အတည်ပြုပြီး ပြည်သူ့လွှတ်တော်သို့ ပြန်လည်ပေးပို့ခဲ့တဲ့အဆင့်သို့ ရောက်ရှိခဲ့ပါတယ်။ ကျန်တဲ့ဥပဒေကြမ်းသုံးခုကလည်း ဥပဒေကြမ်းကော်မတီရဲ့ အစီရင်ခံစာများ တင်သွင်းပြီးလို့

ကိုယ်စားလှယ်များ ဆွေးနွေးမယ့်အဆင့်အထိ ရောက်ရှိခဲ့ပါတယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန် အစည်းအဝေး (၁၈)ရက်မြောက်နေ့ဖြစ်တဲ့ ၃၁-၇-၂၀၁၃ ရက်နေ့မှာ တက္ကသိုလ်ပညာရေး ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ကိုယ်စားလှယ်များဖြစ်တဲ့ ဒေါ်တင်နွယ်ဦး၊ ဦးသိန်းညွန့်၊ သူရဦးအောင်ကို၊ ဒေါ်အောင်ဆန်းစုကြည်နဲ့ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးတို့ ဆွေးနွေး တင်ပြခဲ့ပါတယ်။ အဲဒီဆွေးနွေးချက်တွေအရ တက္ကသိုလ်ပညာရေးဥပဒေကို ပိုမိုပြည့်စုံကောင်းမွန် အောင် ဆောင်ရွက်သွားရန်အတွက် ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၅၈ နည်းဥပဒေခွဲ(င)အရ ဆွေးနွေးခြင်းကို ရွှေ့ဆိုင်းပြီး ဥပဒေကြမ်းကော်မတီ၊ ကော်မရှင်နှင့် ယင်းဥပဒေကြမ်းကို စိတ်ဝင်စားသည့် လွှတ်တော်ကိုယ်စားလှယ်များ၊ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနတို့ ညှိနှိုင်းရေးဆွဲ၍ ဥက္ကဋ္ဌထံ တင်ပြရန် တင်ပြချက်အပေါ် မူတည်ပြီး လွှတ်တော်ရဲ့ဆန္ဒရယူ၍ ဆက်လက်ဆောင်ရွက်သွားရန် ဆုံးဖြတ်ချက်ကို အတည်ပြုခဲ့ပါတယ်။ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ကျန်ပညာရေးဆိုင်ရာဥပဒေကြမ်း ၄ ခုကိုလည်း ဆက်လက်ဆွေးနွေးခြင်းမပြုဘဲ ဆိုင်းငံ့ထားခဲ့ပါတယ်။ ဒီကာလအတွင်းမှာပဲ ပညာရေး မြှင့်တင်မှုကော်မတီက စိတ်ဝင်စားတဲ့ ကိုယ်စားလှယ်များ၊ ပြင်ပပညာရှင်များ၊ အဖွဲ့အစည်းများ၊ ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များနဲ့ အကြိမ်ကြိမ်အဖန်ဖန်ဆွေးနွေးခဲ့ပြီးနောက် အမျိုးသား ပညာရေးဥပဒေကြမ်းကို လွှတ်တော်သို့ တင်ပြလာခြင်း ဖြစ်ပါတယ်။ အဲဒီလိုပါပဲ ပညာရေးဝန်ကြီး ဌာနကလည်း ဝန်ကြီးဌာနကရေးဆွဲတဲ့ အမျိုးသားပညာရေးဥပဒေကြမ်းကိုလည်း ပြည်ထောင်စု လွှတ်တော်မှတစ်ဆင့် ယခု ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့တာဖြစ်ပါတယ်။ ဒီဥပဒေကြမ်းနှစ်ခုဟာ လွှတ်တော်အတွင်းမှာရော၊ လွှတ်တော်ပြင်ပမှာရော လွှတ်တော်ကိုယ်စားလှယ်များ၊ ဝန်ကြီးဌာနနဲ့ ပညာရှင်များ၊ ပြည်သူများပါဝင်ဆွေးနွေး အကြံပြုရေးဆွဲတာဖြစ်လို့ တစ်ပေါင်းတည်းဆွေးနွေးသွား ခြင်းအားဖြင့် ပိုမိုကောင်းမွန်တဲ့ ဥပဒေကောင်းတစ်ခုဖြစ်ပေါ်လာမယ်လို့ သုံးသပ်ရရှိပါတယ်။ ဒါကြောင့်မို့လို့ အစီအစဉ်အရ ပြည်သူ့လွှတ်တော် ပညာရေးမြှင့်တင်ရေးကော်မတီက ပြည်သူ့ လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၈၂ နည်းဥပဒေခွဲ(ခ)အရ တင်သွင်းထားတဲ့ အမျိုးသားပညာရေး ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် အဆိုတင်သွင်းဖို့ ဒေါက်တာချမ်းငြိမ်းအား ဖိတ်ခေါ်ပါတယ်ဆိုပြီး ကျွန်တော်တို့ ဒီလိုတင်ပြခဲ့ပါတယ်။ ထိုနည်းတူစွာပဲ သက်ဆိုင်ရာ ပညာရေး ဝန်ကြီးကိုယ်တိုင်လည်း ဒီလိုတင်ပြခဲ့တာဖြစ်ပါတယ်။ ဒီလို ကျွန်တော်တင်ပြခြင်းဟာ ဒီဥပဒေကို စတင် ပြီးတော့ ဆွေးနွေးခဲ့တာ ၂၀၁၂ ခုနှစ် မတ်လ။ နှစ်နှစ်ပြည့်ခဲ့ပါပြီ။ ကျွန်တော်တို့ နိုင်ငံမှာ ပညာရေးဟာ အရေးကြီးတယ်။ ဒါကြောင့်မို့လို့ ပညာရေးမြှင့်တင်ဖို့လိုတယ်။ ပညာရေးဖြင့် တိုင်းပြည်ကို မြှင့်တင် အံ့ဆိုတဲ့ ဆောင်ပုဒ်တွေလည်းရှိပါတယ်။ ဆွေးနွေးတာတွေကြာပြီးတဲ့အခါမှာ အလုပ်လုပ်ရမယ့်အပိုင်း

မှာနှောင့်နှေးနေမယ်ဆိုရင် ကျွန်တော်တို့ တာဝန်မကျေမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အကြိမ်ကြိမ်ဆွေးနွေးခဲ့ပြီးပြီ။ ဒီဆွေးနွေးမှုကို ကျွန်တော်တို့ ဒီလွှတ်တော်အတွင်းမှာပဲ ပြတ်စေချင်ပါတယ်။ ဒါကြောင့်မို့လို့ သက်ဆိုင်ရာ ပြည်ထောင်စု ပညာရေးဝန်ကြီးဌာနနှင့် ပညာရေးမြှင့်တင်မှုကော်မတီအပါအဝင် ကျန်တဲ့ပုဂ္ဂိုလ်များက ကျန်ရှိရက်အတွင်းမှာ ဒီဥပဒေကြမ်းနှစ်ခုကို အမြန်ဆုံးစိစစ်ပြီးတဲ့အခါမှာ ပြည်သူ့လွှတ်တော်ကို ပြန်တင်ပြစေလိုပါတယ်။ ဒါမှသာ ပြည်သူ့လွှတ်တော်မှာ ဒီဥပဒေကြမ်းပေါ်မူတည်ပြီးတော့ အဆုံးအဖြတ်ပေးပြီး ဒီတစ်ပတ် တစ်ခြားနေရာမှာ မဆောင်ရွက်နိုင်တောင် ကျွန်တော်တို့ ပြည်သူ့လွှတ်တော်မှာတော့ ဥပဒေကြမ်းအတည်ပြုနိုင်ဖို့ အရေးကြီးပါတယ်။ ဒါမှလည်း တာဝန်ကျေနိုင်ပါတယ်။ သူ့ဘက်ကိုယ့်ဘက်၊ သူ့အကြောင်း ကိုယ့်အကြောင်းတွေ လွှဲချစရာမဟုတ်တော့ဘဲနဲ့ ဒီနေ့ ဥပဒေကောင်းတစ်ခုဖြစ်ဖို့ အရေးတကြီး လိုအပ်ပါပြီ။ ဒါကြောင့်မို့လို့ တကယ်စိတ်ဝင်စားတယ်ဆိုရင်၊ တကယ်ဖြစ်ချင်တယ်ဆိုရင် ရုံးပိတ်ရက် ထိုနည်းမဟုတ် ရုံးချိန်နောက်ပိုင်းဆိုတဲ့ဟာတွေမထားဘဲနဲ့ ဒီဥပဒေကြမ်းဖြစ်မြောက်ရေးအတွက် သက်ဆိုင်ရာပြည်ထောင်စုပညာရေးဝန်ကြီးဌာနနဲ့ ဥပဒေကြမ်းကော်မတီ၊ သက်ဆိုင်ရာပညာရေးမြှင့်တင်မှုကော်မတီတို့ဟာ စေတနာပါပါနဲ့ ဒီရက်အတွင်းပြီးအောင်ဆောင်ရွက်ပြီး ဒီတစ်ပတ်အတွင်းမှာပဲ လွှတ်တော်ရဲ့အဆုံးအဖြတ် ခံယူဖို့အတွက် ကျွန်တော်တို့ ဆက်လက်ဆောင်ရွက်သွားလိုပါတယ်။ ဒါမှသာ ကျွန်တော်တို့ တာဝန်ကျေမယ်။ အဲလိုမဟုတ်ဘူးဆိုလို့ရှိရင် ကျွန်တော်တို့အပြောပဲ အလုပ်မဖြစ်တဲ့ကိစ္စမျိုးအဖြစ် မဖြစ်စေချင်ပါဘူး။ ဒါကြောင့်မို့လို့ ကျွန်တော် လွှတ်တော်ကိုထပ်မံပြီး တင်ပြခြင်းဖြစ်ပါတယ်။ ဒီနေ့ကပဲစပါမယ်။ ဒီနေ့ကပဲစတင်ပြီးဆောင်ရွက်ပါမယ်။ သက်ဆိုင်ရာဌာနများကိုလည်း ဒီနေ့ပဲ အကြောင်းကြားပြီး ဒီနေ့ရနိုင်တဲ့ အချိန်ကစပြီးတဲ့အခါမှာ နောက်ရက်များမှပဲ ဒီကိစ္စအလေးထား ဆောင်ရွက်ဖို့ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ပေးပို့လာသော လမ်းနှင့်တံတား အသုံးပြုခြင်းဆိုင်ရာ ဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်မရှိ အတည်ပြုရန် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ။** ။ အစီအစဉ် ၈ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်မှာ စတင်တင်သွင်းပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြုပေးပို့လာသော လမ်းနှင့်တံတားအသုံးပြုခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး (၂၀)ရက်မြောက်နေ့ဖြစ်သော ၄-၃-၂၀၁၄ ရက်နေ့တွင် လွှတ်တော်သို့ လက်ခံရရှိကြောင်း အသိပေးခြင်းနှင့် ၆-၃-၂၀၁၄ ရက်နေ့တွင် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာ

ဖတ်ကြားရှင်းလင်းခြင်းများပြုလုပ်ခဲ့ပြီးဖြစ်ပါတယ်။ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မိမိပြင်ဆင်လိုတဲ့ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာ အချက်အလက်များကိုတိကျစွာရေးသားဖော်ပြ၍ ၁၁-၃-၂၀၁၄ ရက်နေ့ နောက်ဆုံးထားပြီး အမည်စာရင်းပေးသွင်းရန် ကြေညာခဲ့ပြီးလည်းဖြစ်ပါတယ်။ ယနေ့အထိ ပြင်ဆင်ချက်အဆို တင်သွင်းလိုတဲ့ ကိုယ်စားလှယ်တစ်ဦးမှမရှိပါ။ ဒါကြောင့် လမ်းနှင့်တံတား အသုံးပြုခြင်းဆိုင်ရာ ဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်မရှိအတည်ပြုရန် လွှတ်တော်ကသဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ လွှတ်တော်က သဘောမတူသူ မရှိတဲ့အတွက် လမ်းနှင့်တံတား အသုံးပြုခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ပြင်ဆင်ချက်ဖြင့် သဘောတူကြောင်းနှင့် ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၉ အရ ဆက်လက်ဆွေးနွေးသွားမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး (၂၆)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၂၇)ရက်မြောက်နေ့ ကျင်းပမည့် နေ့ရက်နှင့်အချိန်ကိုကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး (၂၆)ရက်မြောက်နေ့ ရပ်နားပါမယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး (၂၇)ရက်မြောက်နေ့ကို မနက်ဖြန် ၂၀၁၄ ခုနှစ်၊ မတ်လ ၁၈ ရက်(အင်္ဂါနေ့) ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနှင့် ယနေ့ အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁း၂၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**မူကြမ်း**

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး (၂၆)ရက်မြောက်နေ့ကို ၁၁း၂၀ နာရီအချိန်တွင် ရပ်နားပါသည်။